# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၈)


# နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၁၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်သွားမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားကို မြန်မာ့ရုပ်မြင်သံကြားမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း၊ ဧပြီ ၁၈ ရက် နံနက် ၈ နာရီ သတင်းအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည် ဖြစ်ပြီး မြန်မာ့အသံရေဒီယိုမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးနှင့် ဧပြီ ၁၈ ရက် နံနက် ၈ နာရီ *စာမျက်နှာ ၃ ကော်လံ ၁* ◆

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး၊ နိုင်ငံတကာသံတမန်အဖွဲ့များ မန္တလေးသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၅**

ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့်ဇနီးဒေါက်တာရှေလွှမ်းတို့သည် ယနေ့ (သင်္ကြန်အကြတ်နေ့)နံနက်ပိုင်းတွင် နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ သံတမန်အဖွဲ့ မိသားစုဝင်များနှင့်အတူ မန္တလေးမြို့၌ ကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဦးဆောင်သည့် နိုင်ငံတကာသံရုံးများမှ သံတမန်အဖွဲ့များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းရုံးများမှ အကြီးအကဲများ၊ သံတမန်အဖွဲ့ မိသားစုဝင်များနှင့်အတူ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့၏ စတုဒိသာရေကစားမဏ္ဍပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရေကစားမဏ္ဍပ်နှင့် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်များရှိ ရိုးရာသင်္ကြန်တေးသီချင်း၊ အက၊ အလှဖျော်ဖြေမှုများအား ကြည့်ရှုအားပေးပြီး ဒုတိယသမ္မတနှင့်သံတမန်အဖွဲ့များမှ သင်္ကြန်ပွဲတော်လာပရိသတ်များအား နှစ်သစ်ကူးအကြို ဆုတောင်းမေတ္တာပို့သကာ မန္တလေးလမ်းလျှောက် သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐






**ကြည့်ရှုအားပေး**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးဒေါက်တာရှေလွှမ်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဦးဆောင်သည့် နိုင်ငံတကာသံရုံးများမှ သံတမန်အဖွဲ့များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းရုံးများမှ အကြီးအကဲများ၊ သံတမန်အဖွဲ့ မိသားစုဝင်များ မန္တလေးသင်္ကြန်ပွဲတော် (အကြတ်နေ့) တွင် ယိမ်းအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

သတင်းစဉ်




# လူငယ်နှင့် ဒီမိုကရေစီ

နိုင်ငံ၏ အနာဂတ်သည် လူငယ်တို့လက်ထဲတွင်ရှိသည်၊ လူငယ်တို့၏ စွမ်းအား အားမာန်တို့ဖြင့်သာဟူသော ကြွေးကြော်သံများကို နှစ်ပေါင်းများစွာ ကြားနာခဲ့ရသော်လည်း လူငယ်တို့ကို အမှန်တကယ် အင်အားရှိအောင် ပျိုးထောင်သည့် အစီအမံများကိုဖြင့် ခိုင်ခိုင်မာမာ တွေ့ရခြင်း မရှိသေးသည်မှာ အမှန်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဦးဆောင်မှုအခန်းကဏ္ဍ၌ လူငယ်လူရွယ်တို့၏ ပါဝင်အားထုတ်မှုကို ထင်ထင်ရှားရှား တွေ့ရပြီး ဖြစ်ထွန်းအောင်မြင်ခဲ့မှုများကလည်း မှတ်တိုင်ကြီးများ ဝင့်ဝင့်ကြွားစိုက်ထူထားသည်မှာ အထင်အရှားပါပေ။

သို့သော်၊ လွတ်လပ်ရေးရပြီး ကိုယ့်မင်းကိုယ်ချင်းရပ်တည် ရုန်းကန်ကာ နှစ်ရှည်လျားစွာ ဖြတ်သန်းခဲ့ပြီးသည့်နောက်တွင် နိုင်ငံရေး မတည်ငြိမ်မှု၊ အုပ်ချုပ်ရေးစနစ် အလွဲများကြောင့် ၂၁ ရာစု မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံး၊ အဆင်းရဲဆုံး နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ထင်ရှားကျော်ကြား လူသိများခဲ့ရပါသည်။

ထိုသို့သော စနစ်မှားများကြောင့် အဆင်းရဲဆုံးနိုင်ငံ၊ ဆင်းရဲလှသော ပြည်သူလူထု၊ မဖွံ့ဖြိုးမတိုးတက်မှုတို့နှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသော နယ်ပယ်အသီးသီးတို့တွင်သာမက မျိုးဆက်သစ်တို့၏ အနာဂတ်ကိုပါ ဖျက်ဆီးချိုးနှိမ်ခံခဲ့ကြရပေသည်။

ဆန်းပြားလိုမှုများ၊ ခေတ်မီတိုးတက်လိုမှုများ၊ ကမ္ဘာကိုရင်ပေါင်တန်းလိုမှုများ၊ ဖန်တီးသစ်လွင်လိုမှုများဆီသို့ အရှိန်ယူ ခြေလှမ်းပြင်လာကြသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အားကစား၊ နည်းပညာ၊ အတတ်ပညာ၊ အသိပညာ၊ စက်မှုလက်မှု စသည့်စသည့် နယ်ပယ်အသီးသီးမှ မျိုးဆက်သစ်လူငယ်များကို နည်းမျိုးစုံဖြင့် တစ်စတစ်စ ဟန့်တား၊ ပိတ်ပင်ကာဆီးလာခဲ့၏။

နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်တစ်ခုကို အတ္တနှင့် ကိုယ်ကျိုးစီးပွားပေါ် အခြေခံ၍လည်းကောင်း၊ အာဃာတများကို အခြေခံ၍ လည်းကောင်း တည်ဆောက်ရန် ကြံစည်ခဲ့ခြင်း၏ အမှားများကြောင့်ဟု ဆန်းစစ်မိပါသည်။

တောင်တန်းမြေပြန့် ဒေသအသီးသီးသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစု အားလုံးတို့သည်လည်းကောင်း၊ လူကြီး လူလတ် လူငယ် ကလေး မခွဲ၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရှိရှိသမျှသော အာဏာမဲ့ ပြည်သူတိုင်း ထိုထိုသော ဒဏ်အပေါင်းကို နင့်နင့်သည်းသည်း ခံခဲ့ကြရလေသည်။

သည်ကာလအတွင်း မွေးဖွားခဲ့သော ကလေးငယ်များ လူငယ်များအဖို့ကား ၎င်းတို့၏ ဘဝတစ်သက်တာလုံး ခံစားခဲ့ကြရသည်ဟု ဆိုရပေမည်။ အင်အားအရှိဆုံး၊ စိတ်ကူးဉာဏ်များ ကွန့်မြူးဆန်းသစ်ဖို့ အကောင်းဆုံး၊ အလန်းဆန်းဆုံး အတက်ကြွဆုံး၊ ကိုယ်ကျိုးစီးပွားထက် အများအတွက်ဆိုသည်ကို ပိုမိုစိတ်အဝင်စားဆုံး အရွယ်များဖြစ်သည့် လူငယ်များသည် မလှုပ်သာမလူးသာသော အမှောင်ထုထဲတွင်၊ ဆန်းသစ်ခွင့်မရနိုင်သော အမှောင်ထုထဲတွင်၊ သို့မဟုတ် မိမိတို့ သိဖူး ကြုံဖူးသလောက် အသိအတွေ့အကြုံပေါ် သက်သက်တွင် အခြေခံ၍ အသစ်ဖော်ထုတ်မှုကို ကာထား တွန်းထားလိုသည့် အစဉ်အလာသမားတို့၏ ပညာအမှောင်ထုထဲတွင်၊ သို့မဟုတ် လူငယ်တို့ ထွန်းပေါက်ဖြစ်မြောက်လာမည်ကို အမှန်ပင် အစိုးရိမ်ကြီး စိုးရိမ်နေကြသည့် အမိုးအကာအမှောင်ထုကြီးများ အောက်တွင် လူငယ်တို့ ကြုံလှီနေခဲ့ကြရသည်။

အချို့က လောင်းရိပ်ကြီးများအောက်ရောက်ရ၍၊ အချို့က အညွန့်ချိုးခံရ၍၊ အချို့က ရေမရ နေမရ လေမရ၍၊ အချို့က အမြစ်ကနုတ် အပင်မျိုးဖြုတ် သုတ်သင်ခံကြရ၍။

ယခု... ပြောင်းလဲကြမည်၊ ပြောင်းလဲမှ ဖြစ်တော့မည်ဟူသည့် မှုကို ယုံကြည်ကြသည်ဆိုလျှင် ထိုထိုဤဤသော နယ်ပယ်စုံ ဒေသစုံက လူငယ်များကို အားပေးကြမည်ဟူသည့် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်ကြဖို့ လိုပါမည်။ ဆုံးဖြတ်ချက်ချမှတ်ထားသည့်အတိုင်း အမှန်တကယ် လိုက်နာကြိုးစားအားထုတ်ကြရန်လည်း လိုပါမည်။

လူငယ်များ နှစ်ပေါင်းများစွာ အညွန့်ချိုးခံခဲ့ရသည် ဆိုတာကို အမှန်အတိုင်း လက်ခံကြည့်မြင်ဖို့လိုပါမည်။ သည်လိုအခြေအနေကို ပြောင်းလဲတော်လှန်ကြရန် လိုအပ်သည်ဆိုခြင်းကိုလည်း မှန်မှန်ကန်ကန် သုံးသပ်ကြဖို့ လိုပါမည်။

လူငယ်များ မျိုးဆက်သစ်များဆိုသည်က အတွေ့အကြုံနုနယ်သည် ဆိုခြင်းမှာ မှန်ပါ၏။ သို့သော်လည်း အတွေ့အကြုံဆိုသည်မှာ သည်လိုပဲ ရင်ဆိုင်ရင်း အလုပ်လုပ်ရင်း ကျော်လွှားရင်း ရင့်ကျက်လာကြရသည် မဟုတ်ပါလား။

အရေးကြီးသည်က လူငယ်များကို နေရာပေးရေးသည် နိုင်ငံအတွက် အစစ်အမှန် လိုအပ်ချက်ဖြစ်သည်ဟု ခံယူထားကြဖို့ပဲ ဖြစ်သည်ဟု ယူဆပါသည်။ ယနေ့ ဒီမိုကရေစီခေတ် လူကြီးများ သည်လိုပဲ ခံယူကြမည်ဟုလည်း မျှော်လင့်ပါသည်။ ဤသည်က နိုင်ငံရေး စီးပွားရေး ကဏ္ဍများသာမဟုတ်ဘဲ ယဉ်ကျေးမှု စာပေ ဂီတ ရုပ်ရှင် စသည့် သုခုမ အနုပညာ၊ နည်းပညာ၊ အတတ်ပညာ၊ စက်မှုလက်မှု အစစသောနယ်စုံပယ်စုံတွင် လူငယ်များကို မည်သို့မည်ပုံ တာဝန်ပေးကြမည်ဆိုသည်ကို အလေးအနက်ထား ပြင်ဆင်ကြရန် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပျော်မြူး ကြည်နူး နှစ်ကူးသဘင်

နိုင်ငံတစ်ဝန်းအေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် မဟာသင်္ကြန်ပွဲတော်၏ အတက်နေ့သို့ရောက်ပြီ။ မနက်ဖြန်သည် မြန်မာသက္ကရာဇ်၏ နှစ်ဆန်း ၁ ရက်ဖြစ်သည်။ ဤသို့လျှင် နှစ်သစ်တစ်နှစ်ဆီကူးပြောင်းကြရပါဦးမည်။

ဩကာသလောကကြီးက ဆန်းကြယ်လှပါပေသည်။ ရာသီစက်ဝန်းက အချိန်မှန်လည်ပတ်နေသည်။ နေ့နှင့်ညတို့ တစ်လှည့်စီ။ နေထွက်သည်၊ နေဝင်သည်။ လဆန်းသည်၊ လဆုတ်သည်။ ကြယ်တာရာနက္ခတ်တို့ အချိန်မှန်ပေါ်ထွန်းလာကာ အလှည့်ကျပြောင်းရွှေ့သွားကြသည်။ သတ္တလောကတွင် ဉာဏ်အကြီးဆုံးလူသားတို့က ကောင်းကင်ကြီး၏သဘာဝကို မှတ်သားလေ့လာကာ နာရီ၊ နေ့ရက်၊ အခါရာသီတို့ကို ပိုင်းခြားသတ်မှတ်ကြသည်။ နေလနက္ခတ်တို့၏ အချိန်မှန်ဝင်ထွက် သွားလာကြပုံ၊ သစ်ပင်ပန်းမန်တို့သီးပွင့်ကြပုံ၊ မိုးလေရာသီဥတုတို့ပြောင်းလဲကြပုံကို မှတ်သားကာ ဤရာသီတွင် ဤနက္ခတ်တို့ ထွက်ပေါ်ကြပြီး၊ ဤအပင်မှ ဤပန်းတို့ပွင့်ကြသည်။ ဤရာသီတွင်မိုးလေဝသသည် ဤသို့ဤနယ်ရှိတတ်သည်ဟူ၍ အမှတ်အသားပြုကြသည်။ စက္ကူတွင် ပုံနှိပ်ထားသည့် ပြက္ခဒိန်များ မပေါ်သေးသည့်ခေတ်က နေ့၊ လ၊ ရာသီတို့ကို ဤသို့ပင် အမှတ်သညာပြုကြရခြင်းဖြစ်သည်။

“တန်ခူးစိတြ၊ မိဿခါတော်၊ ရင်ကပ်ကယ်ကံ့ကော်၊ မွှေးကျော်ကြိုင်လွင့်၊ အတာသဘင်၊ ပျော်ရွှင်ဆိတ်မင်းဝင့်။” ဟူ၍ ကင်းဝန်မင်းကြီး၏ အိုင်ချင်းတစ်ပုဒ်တွင်ဖွဲ့ဆိုထားရာ တန်ခူးလတွင် စိတြနက္ခတ်စန်းယှဉ်၍ ရာသီအားဖြင့် မိဿရာသီ(ဆိတ်ရာသီ)ဖြစ်သည်။ ရာသီပန်းအနေဖြင့်၊ ရင်ကပ်ပန်း၊ ကံ့ကော်ပန်းတို့ ပွင့်ကြပြီး ရာသီသဘင်အဖြစ် အတာသဘင်သင်္ကြန်ပွဲကို ဆင်နွှဲကြသည်ဟု မှတ်သားဖော်ပြထားခြင်းဖြစ်သည်။ အတာသဘင်ပွဲဆင်နွှဲကြသည့် အစဉ်အလာသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရားဖွားမြင်တော်မူရာ ကပိလဝတ်ပြည်မှ သာကီဝင်မင်းတို့သည် သာယာလှပ၍ စိတ်နှလုံးမွေ့လျော်ဖွယ်ရာဖြစ်သော ဒေဝဒဟ ရေကန်ကြီးတွင် ရေပက်ဖျန်းပျော်ရွှင်ကစားခဲ့ကြသည့် ဓလေ့ထုံးတမ်းရှိခဲ့ကြောင်း သာသနာဝင်ကျမ်းများ၌ဖော်ပြခဲ့ပြီး မြန်မာနိုင်ငံတွင်မူ ပုဂံပြည်၌ နရသီဟပတေ့မင်းလက်ထက် ပူပြင်းလှသည့် နွေကာလများတွင် နန်းတော်မှသည် မြစ်ဆိပ်အထိ စကြံလမ်းတစ်ခု မိုးကာဆောက်လုပ်ကာ မြစ်ဆိပ်တွင်လည်း မင်းတဲဆောက်လုပ်၍ လူမမြင်သာအောင်ကာရံပြီး မိဖုရား၊ မောင်းမများနှင့်တကွ ရေကစားကြကြောင်း ရာဇဝင်ကျမ်း၌ ဖော်ပြခဲ့သည်။

သက္ကရာဇ်တစ်ခုအဆုံးပြု၍ နှစ်သစ်ဆီသို့ကူးပြောင်းသည့် အထိမ်းအမှတ်ပွဲသဘင်သည် လူငယ်လူရွယ်များအဖို့ ပျော်ရွှင်ဖွယ်ရာများ၊ ကြည်နူးနှစ်သစ်ဖွယ်ရာများသာဖြစ်သော်လည်း လောကအတွေ့အကြုံကိုလုံရင့်ကျက်လာသည့် သက်ကြီးရွယ်အိုလူကြီးသူမ သူတော်ကောင်းတို့အဖို့မူ ကုန်ဆုံးသွားသည့် နှစ်ဟောင်းနှင့်အတူ မိမိတို့၏အသက်တစ်နှစ်တိုးလာသလို ကုသိုလ်ကောင်းမှုတို့ ပိုမိုတိုးပွားလာခြင်းရှိမရှိ၊ အကုသိုလ်တရားတို့ကို သတိတရားလက်ကိုင်ထား၍ ချိုးနှိမ်ပယ်သတ်နိုင်ခဲ့ခြင်းရှိမရှိ ပြန်လည်ဆန်းစစ်ကြစမြဲဖြစ်ပြီး လာမည့်နှစ်သစ်တွင်လည်း ကုသိုလ်ကောင်းမှုနှင့်သာယှဉ်တွဲကာ ဖြတ်သန်းနိုင်ကြရန် မိမိကိုယ်ကို သတိပေးပြင်ဆင်ကြရစမြဲလည်း ဖြစ်သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းနေသည့် နိုင်ငံနှင့်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအဖို့မူ နှစ်ဟောင်း၏ အတွေ့အကြုံများသည် သင်ခန်းစာယူဖွယ်ရာများအဖြစ်နှင့် ဆိုးသည်တို့ကိုပယ်၍ ကောင်းသည်တို့ကို အနာဂတ်သို့ ဆက်လက်သယ်ဆောင်သွားကြရမည်ဖြစ်သည်။ နှစ်သစ်ကမူ မျှော်လင့်ချက်များဖြည့်ဆည်းနိုင်မည်ဟု ယုံကြည်ကြရမည်ဖြစ်သလို စိန်ခေါ်မှုများကို ရင်ဆိုင်ကြရနိုင်သည်ဟုလည်း မျှော်လင့်ထားရမည်သာဖြစ်သည်။သမိုင်း၏အတွေ့အကြုံများအရမူ နိုင်ငံ၏အနာဂတ်ဟူသည် နိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏အားဖြင့် ဖန်တီးရယူအပ်သော အရာသာလျှင် ဖြစ်ပါကြောင်း။ ။



သင်္ကြန်အကြတ်နေ့က နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ သံတမန်အဖွဲ့မိသားစုများ မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတာရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲကြစဉ်။ (သတင်း - ရှေ့ဖုံး) သတင်းစဉ်

## မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်နှင့် မြကျွန်းသာလမ်းလျှောက်သင်္ကြန်တို့တွင် ပြည်သူများ အထူးစည်ကားများပြား

**ရန်ကုန် ဧပြီ ၁၅**

၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်ကာလ၌ ရန်ကုန်မြို့တွင် လမ်းလျှောက်သင်္ကြန်များကို ကျင်းပလျက်ရှိရာ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြကျွန်းသာလမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ အထူးစည်ကားများပြားစွာ ပါဝင်ရေကစားခဲ့ကြသည်။

မဟာဗန္ဓုလ ပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်တွင် မဟာဗန္ဓုလလမ်းမမှ ကုန်သည်လမ်းမပေါ်အထိ မုခ်ဦးများဆင်ယင်ထားပြီး ရေပန်းများ၊ ဖျော်ဖြေရေး စင်မြင့်များ၊ ဆပ်ပြာပူဖောင်းစက်များ တပ်ဆင်ထားကာ ရန်ကုန်မြို့လယ်ကောင်တွင် တည်ရှိသည့်အတွက် လူများ တိုးမပေါက်အောင် စည်ကားသည်။

ထို့အတူ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြကျွန်းသာ လမ်းလျှောက်သင်္ကြန်မှာ ယခုနှစ်တွင် ပထမဆုံးစတင် ကျင်းပခြင်းဖြစ်ပြီး ဖျော်ဖြေရေးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ ကလေးငယ်များအတွက် ဂိမ်းအစီအစဉ်နေရာများ၊ စားသောက်တန်းများ၊ နားနေရန်နေရာများကို သီးသန့်ခွဲခြားပေးထားသည်။




မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့ မြကျွန်းသာ လမ်းလျှောက်မဟာသင်္ကြန်တွင် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြစဉ်။

မြကျွန်းသာလမ်းလျှောက်သင်္ကြန်တွင် စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ Idiots၊ ဖြိုးပြည့်စုံ၊ လင်းနစ်၊ Joker၊ ဖိုးပြည့်၊ သားငယ်၊ Rio ၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ငဲငယ်လေး၊ စိုးပြည့်သဇင် စသော နိုင်ငံကျော်အဆိုတော်များက Sound Square တေးဂီတအဖွဲ့နှင့်အတူ လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသော ပြည်သူများအား ဖျော်ဖြေလျက်ရှိသည်ကို တွေ့ရသည်။

**လင်းညွန့်**

**ဓာတ်ပုံ - အာကာစိုး**

# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ (၂) အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

**ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ စုပေါင်းအင်အားဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို စုပေါင်းအင်အားနဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

သတင်းအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည် ဖြစ်သည်။

အလားတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တို့၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ ညနေ ၄ နာရီ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများကို မြန်မာ့ရုပ်မြင်သံကြားမှ ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီ ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုမှ ဒုတိယသမ္မတနှစ်ဦး၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးနှင့် လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ နှုတ်ခွန်းဆက်စကားများကို ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီ၊ ညနေ ၄ နာရီခွဲ၊ ည ၈ နာရီ သတင်းများအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

ထို့ပြင် မန္တလေးအတာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် သံတမန်အဖွဲ့ဝင်များမှလည်း ရေကစားမဏ္ဍပ်များတွင် ရိုးရာသင်္ကြန်တေးသီချင်းများနှင့် တိုင်းရင်းသားတေးသီချင်းများကို သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးသည် မန္တလေးမြို့တော်ခန်းမတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို နိုင်ငံတကာ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အကြီးအကဲများနှင့်အတူ တက်ရောက်သုံးဆောင်ခဲ့သည်။

**သတင်းစဉ်**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဦးဆောင်သည့် နိုင်ငံတကာသံရုံးများမှ သံတမန်အဖွဲ့များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းရုံးများမှ အကြီးအကဲများ၊ သံတမန်အဖွဲ့ မိသားစုဝင်များ မန္တလေးသင်္ကြန်ပွဲ၌ ပါဝင်ဆင်နွှဲကြစဉ်။**

သတင်းစဉ်







# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အင်ဒိုနီးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲ လေ့လာရန် ရန်ကုန်မြို့မှ ထွက်ခွာ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လေ့လာရန်အတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန် ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများလိုက်ပါ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ထားဝယ်မြို့ ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်၌ ကြည့်ရှုအားပေး

**ထားဝယ် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၁၄ ရက် (သင်္ကြန်အကျနေ့)ညနေ ၄ နာရီက ထားဝယ်မြို့တွင် တိုင်းပိတောက်ယာဉ် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်သို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက ရေအိုးရွက်အက၊ သင်္ကြန်ယိမ်းအဖွဲ့များ၊ မူကြိုကျောင်းသားကျောင်းသူလေးများက အကပဒေသာ၊ တေးဂီတအဖွဲ့များ၏ စတိတ်ရှိုးကဏ္ဍများ သီဆိုကပြဖျော်ဖြေနေမှုများ၊ ခရီးသွားလာ ပြည်သူများနှင့် ဒေသခံပြည်သူများက မဟာသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနေကြသူများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကပြဖျော်ဖြေပေးသော အကအဖွဲ့များအား ဆုငွေများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ ထားဝယ်မြို့ ဖျော်ဖြေရေးမဏ္ဍပ်၌ ကြည့်ရှုအားပေးစဉ်။**

# အဝီစိစက်ရေတွင်းချို့ယွင်းသွား၍ သင်္ကြန်တွင်း သောက်သုံးရေ အခက်အခဲကြုံနေသည့် ကျေးလက်နေပြည်သူများအား သောက်သုံးရေများ လှူဒါန်း

**ညောင်ဦး မေ ၁၅**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ ရောက်ရှိလာမှုနှင့်အတူ မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော် ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသဖြင့် မေ ၁၄ ရက် (သင်္ကြန်အကျနေ့)နံနက် ၉ နာရီက ပုဂံမြို့ ရတနာဘုံစံတောရကျောင်း ဆရာတော်အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာရေလှူအသင်းမှ ပရဟိတအသင်းသားများက သင်္ကြန်တွင်း အဝီစိစက်ရေတွင်း ချို့ယွင်းနေ၍ သောက်သုံးရေ အခက်ကြုံနေသည့် ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာ၊ ညောင်လှကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူများထံ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သင်္ကြန်တွင်း ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းမှ အသင်းသားများ စုပေါင်းအဖွဲ့က ညောင်ဦးမြို့နယ် မကျီးတန်း ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ ညောင်လှကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀ စုစုပေါင်း ရေဂါလန် ၃၀၀၀ အား အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သည် အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေသည့်အတွက် ယခုလို နွေရာသီကာလများတွင် ကျေးရွာများရှိ မြေသားမိုးရေလှောင်ကန်ကြီးများမှာ ဆောလျင်စွာ သောက်သုံးရေခန်းခြောက်မှုများဖြစ်ပေါ်ကာ ကျေးလက်နေပြည်သူများ နှစ်စဉ်သောက်သုံးရေ ရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်းနှင့် ယခုလို နွေရာသီကာလများတွင် သောက်သုံးရေအတွက် ကျေးရွာအရောက် လာရောက်ဖြန့်ဝေလှူဒါန်းပေးသည့် ပရဟိတရေလှူအသင်းအဖွဲ့များကို မှီခိုအားထားပြုနေရကြောင်း ညောင်ဦးမြို့နယ် ညောင်လှကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၁၅**

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက်မာရာပါနာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ - သီရိလင်္ကာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. E.M.M . Nandimithra Ekanyake တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် ခရီးစဉ်အတွင်း ပုဂံမြို့နှင့် ရန်ကုန်မြို့တို့ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာ လည်ပတ်ခဲ့ကြသည်။

**သတင်းစဉ်**



## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၅**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီနှင့် တမူးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးမိသားစုများ၊ သံတမန်များနှင့် စစ်သံမှူးများ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ တိုင်းရင်းသားယိမ်းအဖွဲ့များ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

# မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးမိသားစုဝင်များ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ်၌ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဧပြီ ၁၅**

ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပသည့် မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်သို့ မြန်မာနိုင်ငံဆိုင်ရာ နီပေါလ်ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ စင်ကာပူနိုင်ငံသံအမတ်ကြီးနှင့် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးတို့ ဦးဆောင်ပြီး မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ မိသားစုဝင်များနှင့် သံတမန်မိသားစုများသည် ယနေ့(သင်္ကြန်အကြတ်နေ့) နံနက် ၉ နာရီတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**သပြေခက်ဖြင့် ရေပက်ဖျန်း**

ဗဟိုရေကစားမဏ္ဍပ်၌ သံအမတ်ကြီးများနှင့် သံတမန်မိသားစုဝင်များကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် သင်္ကြန်ယိမ်းအဖွဲ့ဝင်များက သပြေခက်ဖြင့် ရေပက်ဖျန်း ကြိုဆိုနှုတ်ဆက်ကြသည်။

**သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး**

ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်တွင် လာရောက်ရေကစားသည့် သံအမတ်ကြီးများနှင့် သံတမန်မိသားစုဝင်များသည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

**လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲ**

ထို့နောက် သံအမတ်ကြီးများနှင့် သံတမန်မိသားစုဝင်များသည် မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲကြသည်။

**အထူးစည်ကားလျက်ရှိ**

ယနေ့ (သင်္ကြန်အကြတ်နေ့)တွင်လည်း ဗဟိုမဏ္ဍပ်ရှေ့၌ ရေပက်ခံထွက်သူ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိရာ ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းအကတို့ဖြင့် လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**သတင်း- မင်းသစ်၊ ဇော်ကြီး**

**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးမိသားစုဝင်များ၊ သံတမန်များနှင့် စစ်သံမှူးများ ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲကြစဉ်။



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးမိသားစုဝင်များ၊ သံတမန်များနှင့် စစ်သံမှူးများ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်သို့ ရောက်ရှိလာရာ ကြိုဆိုရေးအဖွဲ့က သင်္ကြန်ရေလောင်း၍ ကြိုဆိုကြစဉ်။



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးမိသားစုများ၊ သံတမန်များနှင့် စစ်သံမှူးများ ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

# သစ်တောများကို ထိန်းသိမ်းဖို့ အသိပညာပေးကြစို့

မောင်ခိုင်မာ (အထက်မင်းလှ)

ယနေ့ကမ္ဘာကြီးကို အပြင်းထန်ဆုံး ခြိမ်းခြောက်နေသည်မှာ စစ်ပွဲများနှင့် သဘာဝဘေးဒုက္ခများဖြစ်၏။ သဘာဝဘေးဒုက္ခများဖြစ်ပေါ်စေသည့် အကြောင်းရင်းများထဲတွင် သစ်တောပြုန်းတီးမှုက တစ်ခုအပါအဝင်ဖြစ်လေသည်။

**သစ်ပင်သစ်တော၏ အရေးပါမှု**

ကျွန်ုပ်တို့ကမ္ဘာမြေပေါ်တွင် ရေ၊ မြေ၊ တောတောင်စသည့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၊ သစ်ပင်၊ တိရစ္ဆာန်များ အတူတကွ လိုက်လျောညီထွေ အပြန်အလှန် အမှီသဟဲပြု နေထိုင်လာခဲ့ကြသည့် သက်တမ်းမှာ မနည်းတော့ပါ။ ထိုသို့ အတူတကွ နေထိုင်ရှင်သန်လာကြသည့်အထဲတွင် မိမိတို့ လူသားများဘဝ ရှင်သန်ရပ်တည်ရေးအတွက် အဓိကအကျဆုံးသောအရာမှာ သစ်ပင်သစ်တောဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂသစ်တောဖိုရမ် (United Nations Forum on Forest- UNFF) က သစ်ပင်သစ်တော၏ အကျိုးကျေးဇူး အဖြစ် (၁) ကမ္ဘာ့မိုးသစ်တောသည် ကမ္ဘာပေါ်ရှိ အောက်ဆီဂျင်ပမာဏ ၄၀ ရာခိုင်နှုန်းကျော်ကို ထုတ်လွှတ်ပေးခြင်း၊ (၂) ကုန်းမြေဆိုင်ရာ ဇီဝမျိုးစုံ မျိုးကွဲ ၈၀ ရာခိုင်နှုန်းကျော်သည် သစ်ပင်သစ်တောတွင် မှီတင်းနေထိုင်ခြင်း၊ (၃) လူသားအတွက် ဆေးဖက်ဝင်အပင်များကို ထောက်ပံ့ပေးခြင်း၊ (၄) နောက်ဆုံးပေါ် ဆေးဝါး၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းသစ်တောမှ ရရှိခြင်း၊ (၅) လူသားတို့၏ အသက်မွေးဝမ်းကျောင်းအတွက် (စီးပွားရေးထုတ်ကုန်အမယ် ၅၀၀၀ ခန့်အတွက်) နေ့စဉ်သစ်တောများအပေါ်တွင် မှီခိုနေရခြင်း၊ (၆) အပူပိုင်းသစ်တောများသည် စိုက်ပျိုးရေးအတွက် ဝတ်မှုန်ကူးပေးခြင်း စသည်တို့ကို ဖော်ပြသည်။

**သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူး**

ထို့အပြင် သစ်ပင်သစ်တောများ ရှိခြင်း၏ အကျိုးကျေးဇူး အဖြစ် (၁) ရာသီဥတုညီညွတ်မျှတစေခြင်း(လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပေးခြင်းနှင့် သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၀ ဒသမ ၆၁၁ ကီလိုဂရမ်မှ ၃၀ ဒသမ ၅၆ ကီလိုဂရမ်အထိ စုပ်ယူနိုင်ခြင်း)၊ (၂) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းညှိပေးခြင်း(လေတိုက်နှုန်းလျှော့ချခြင်း၊ မိုးရေနှင့် မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း)၊ (၃) အေးမြသောအရိပ်အာဝါသနှင့် မျက်စိပသာဒဖြစ်စေခြင်း၊ (၄) လူသားတို့အတွက် အရွက်၊ အပွင့်၊ အသီး၊ ပင်စည်၊ အကိုင်း၊ အမြစ် စသည်တို့မှ ဆေးဝါး၊ စားသောက်ဖွယ်ရာ၊ လူ့အသုံးအဆောင်၊ နေအိမ်၊ အဝတ်အထည်၊ ထင်း စသည်တို့ကို ပေးစွမ်းခြင်း(အနိမ့်ဆုံးအားဖြင့် ကြွေကျသည့် သစ်ရွက်ကပင် သဘာဝမြေသြဇာဖြစ်ခြင်း)၊ (၅) လေမုန်တိုင်း စသည့် သဘာဝဘေးဒဏ်မှ ကာကွယ်ပေးသည့် သဘာဝအစိမ်းရောင်တံတိုင်းကြီးများဖြစ်ခြင်း စသည်တို့ကို ဖော်ပြကြသည်။

**သစ်တောပြုန်းတီးမှု**

ထိုကဲ့သို့ အရေးပါသော သစ်တောများကို ကျွန်ုပ်တို့ လူသားများက အရိပ်နေနေ အခက်ချိုးချိုး ပြုလုပ်နေကြသည်။ မိမိတို့ လတ်တလောအဆင်ပြေလိုမှုကို ရှေးရှုကာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သစ်တောကို အလွန်အကျွံ ခုတ်လှဲအသုံးပြုနေကြပါသည်။ သို့အတွက် ကမ္ဘာမြေ၏ မူလအတိုင်းရှိနေသော သစ်တောများသည် ဩစတြီးယားနိုင်ငံထက် အကျယ်အဝန်းကြီးမားသော ပမာဏကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း နှစ်စဉ်ဆုံးရှုံးသွားခဲ့ကြောင်း၊ ထိုနှုန်းသည် ယခင်ဆယ်စုနှစ်ကထက် ရာခိုင်နှုန်း ၂၀ ပို၍ မြန်သောနှုန်းဖြစ်ကြောင်း၊ လာမည့် ၁၅ နှစ်မှ နှစ် ၂၀ အတွင်း နိုင်ငံအများစုသည် သစ်တောစိမ့်မြေအားလုံးကို ဆုံးရှုံးသွားဖွယ်ရှိကြောင်း၊ လက်ရှိအတိုင်း ဆက်ဖြစ်နေပါက ၂၀၄၀ ပြည့်နှစ်မတိုင်မီတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဂိုလာ၊ နီကာရာဂွါနှင့် ဗဟို အာဖရိက နိုင်ငံတို့တွင် ယင်းသစ်တောများ ပျောက်ကွယ်သွားနိုင်သည်ဟု ကမ္ဘာ့သိပ္ပံပညာရှင်များက ပြောကြောင်း AFP သတင်းတစ်ပုဒ်အရ သိရသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်မိနစ်လျှင် ဘောလုံးကွင်း ၃၆ ကွင်းစာမျှ သစ်တောများ ပြုန်းတီးနေသည်ဟုလည်း ဆိုပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ၀ ဒသမ ၁၅ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၁ ဒသမ ၇၃ ရာခိုင်နှုန်းအထိ မြင့်မားလာကြောင်း၊ နှစ်စဉ်သစ်တောဧရိယာ ဟက်တာ ၅၄၆၀၀၀ (၁၃၄၈၆၂၀ ဧက) ပြုန်းတီးနေသဖြင့် ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် ပြုန်းတီးမှုအဆင့် ကမ္ဘာ့နံပါတ်(၃)အဆင့်ရှိကြောင်း သိရသည်။

ဤကဲ့သို့ သစ်တောများ ကြောက်မက်ဖွယ် ပြုန်းတီးရခြင်းအကြောင်းရင်းကို ကြည့်လျှင် (၁) လူဦးရေထူထပ်များပြားလာခြင်း၊ (၂) မြို့ပြဧရိယာတိုးချဲ့လာခြင်း၊ (၃) လယ်ယာစိုက်ပျိုးရေးအတွက် သစ်တောမြေများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရွှေ့ပြောင်းတောင်ယာအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ (၄) တောမီးလောင်ကျွမ်းခြင်း၊ (၅) သစ်နှင့်သစ်တောထွက်ပစ္စည်းများကို တိုးချဲ့သုံးစွဲမှု များပြားလာခြင်းနှင့် စီးပွားရေးအတွက် လွန်ကဲစွာ ထုတ်ယူခြင်း၊ (၆) စားကျက်မြေတိုးချဲ့ခြင်းနှင့် စနစ်မရှိသော မြေအသုံးချမှုများ- များပြားလာခြင်း၊ (၇) သတ္တုရိုင်းနှင့် ဓာတ်ငွေ့များ ထုတ်ယူရာတွင် စနစ်မကျသော ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

ထို့အတူ လောင်စာထင်း အသုံးပြုမှုလည်း ပါဝင်ပေသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး နေ့စဉ်ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့် မြို့ပြဒေသ ပြည်သူအများစုအတွက် နှစ်စဉ်ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်း စွမ်းအင်သုံးစွဲမှုပမာဏ၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ ဖြည့်စွက်ပြောလိုသည်မှာ မြန်မာနိုင်ငံသည် ကမ္ဘာ့ထင်း၊ လောင်စာနှင့် သစ်မီးသွေးတင်ပို့မှုတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်းဖြင့် ထုတ်လုပ်မှုအများဆုံးနိုင်ငံများတွင် ပါဝင်ကြောင်း၊ တရုတ်နိုင်ငံသို့ စုစုပေါင်း မီးသွေးတန် ၃၃၀၀၀၀ တင်သွင်းကြောင်း UN Contrade Database များအရ သိရသည်။

၂၀၁၅ ခုနှစ်တွင် လူဦးရေ ၅၃ ဒသမ ၉ သန်းမှ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၀ ဒသမ ၂ သန်းအထိ တိုးပွားလာနိုင်သည်နှင့်အမျှ ထင်းလောင်စာနှင့် မီးသွေးလိုအပ်ချက် ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း၊ အများဆုံးတိုးလာမည့် ဒေသများမှာ လူဦးရေထူထပ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ ပါဝင်ကြောင်း REDD+ ၏ အစီရင်ခံစာများအရ သိရသည်။

**သစ်တောပြုန်းတီးခြင်း၏ အကျိုးဆက်**

သစ်တောများ ပြုန်းတီးခြင်း၏ အကျိုးဆက်အဖြစ် အပူချိန်များ မြင့်တက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ၏ ဂေဟစနစ်ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ ရောဂါဘယများ ထူပြောလာခြင်း၊ အင်းဆက်နှင့် အခြားသော လူကို အန္တရာယ်ဖြစ်စေသည့် အခြားပိုးမွှားများ၏ အန္တရာယ်ကို ရင်ဆိုင်လာရခြင်း စသည့်ဆိုးကျိုးများကို ကြုံတွေ့ခံစားလာရပါသည်။

> "သစ်တောများပြုန်းတီးခြင်း၏ အကျိုးဆက်အဖြစ် အပူချိန်များ မြင့်တက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ ရောဂါဘယများ ထူပြောလာခြင်း၊ အင်းဆက်နှင့် အခြားသော လူကိုအန္တရာယ်ဖြစ်စေသည့် အခြားပိုးမွှားများ၏ အန္တရာယ်ကို ရင်ဆိုင်လာရခြင်း စသည့်ဆိုးကျိုးများကို ကြုံတွေ့ခံစားလာရ"

**သစ်တောပြုန်းတီးမှုကာကွယ်ရေး**

ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၁၇ ရပ် အောင်မြင်စေရေးအတွက် ရည်မှန်းချက် ၁၆၉ ရပ်ကို အချိန်ကာလသတ်မှတ်၍ ချမှတ်ထားရာ ၎င်းတို့အနက်မှ သစ်တောကဏ္ဍဆိုင်ရာ ရည်မှန်းချက်အချို့ကို ဖော်ပြရပါလျှင် (၁) ၂၀၂၀ ပြည့်နှစ်တွင် သစ်တောများ အားလုံးအတွက် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများ တိုးတက်စေခြင်း၊ သစ်တောပြုန်းတီးမှုရပ်တန့်ခြင်း၊ တောနိမ့်၊ တောပျက်များတွင် သစ်တောပြန်လည်တည်ထောင်ခြင်း၊ ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်တောပြန်လည်တည်ထောင်ရေး လုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်စေခြင်းဟူ၍လည်းကောင်း၊ (၂) သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်နိုင်ရန်အတွက် ရန်ပုံငွေကြေးများ၊ အရင်းအမြစ်အမျိုးမျိုး၊ အလှူအမျိုးမျိုးမှ ရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား လုံလောက်သော မက်လုံးများပေးခြင်းဟူ၍လည်းကောင်း ဖော်ပြပါရှိသည်။

ထို့အတူ "သစ်တောဆိုင်ရာ နယူးယောက်ကြေညာစာတမ်း" (၂၃-၉-၂၀၁၄) (New York Declaration on Forests) တွင် (၁) ကမ္ဘာ့အပူချိန် ၂ ဒီဂရီစင်တီဂရိတ် လျှော့ချရန် ၂၀၂၀ တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်၊ ၂၀၃၀ တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေး ရည်မှန်းဆောင်ရွက်ရန်၊ (၂) ၂၀၁၅ အလွန် ကမ္ဘာ့အစီအစဉ်များတွင် သစ်တောတည်ထောင်ရေးနှင့် ထိန်းသိမ်းရေးရည်မှန်းချက်များ ထည့်သွင်းရန်၊ (၃) ဆီအုန်း၊ ပဲပိစပ်၊ စက္ကူပျော့ဖတ်၊ အသားထုတ်လုပ်ခြင်းစသည့် စိုက်ပျိုးရေးနှင့် စက်မှုသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် သစ်တောပြုန်းတီးမှုများ လျော့နည်းပပျောက်စေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီရန်၊ (၄) ၂၀၂၀ တွင် အခြားစီးပွားရေးကဏ္ဍများကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်နေခြင်းကို လျှော့ချရန်၊ (၅) စိုက်ပျိုးရေးနှင့် ထင်းလိုအပ်ချက် စသည့် အခြေခံလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာသည့် သစ်တောပြုန်းတီးမှုကို လျှော့ချရန်နှင့် အခြားနည်းလမ်းများဖြင့် ကူညီပံ့ပိုးရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်တို့ ပါရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် (၁) ၂၀၁၆ - ၂၀၁၇ ခုနှစ်မှစတင်၍ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်း၊ (၂) သစ်တော ပြန်လည်ထူထောင်ရေးစီမံကိန်း (၂၀၁၇-၁၈ မှ ၂၀၂၇-၂၈) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊ (၃) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်လျှော့ချမှု လုပ်ငန်း (REDD+) နိုင်ငံတော်အဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း၊ (၄) ခေတ်နှင့်လျော်ညီသော သစ်တောဥပဒေကို(၂၀-၉-၂၀၁၈)က ၂၀၁၈ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ဖြင့် အတည်ပြုပြဋ္ဌာန်းခြင်း၊ (၅) REDD + လမ်းပြမြေပုံကို ၂၀၁၃ တွင် စတင်ရေးဆွဲပြီး ၂၀၁၅ မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း စသည်တို့ကို လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိနေသည်။

**ကမ္ဘာ့ကာဗွန်အရောင်းအဝယ်ဈေးကွက်**

မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာ့ကာဗွန်အရောင်းအဝယ်ဈေးကွက်ဝင်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။ ကာဗွန်အရောင်းအဝယ်ဆိုသည်မှာ "ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန် သစ်တောများ တစ်အုပ်တစ်မရှိသော နိုင်ငံများကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်အစရှိသော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် "ကမ္ဘာ့အစိမ်းရောင်ရန်ပုံငွေ အဖွဲ့အစည်းများ" (Green Climate Fund) ထူထောင်ပြီး ၎င်းအဖွဲ့များမှတစ်ဆင့် သစ်ပင်၊ သစ်တောထိန်းသိမ်းမည့်၊ ထိန်းသိမ်းနိုင်သည့် နိုင်ငံများအား အကျိုးအမြတ်ပေးခြင်းဖြစ်ပါသည်။ ကမ္ဘာ့ကာဗွန်အရောင်းအဝယ်ဈေးကွက်တွင် ဘရာဇီးက ဦးဆောင်လုပ်ကိုင်နေပြီး မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှု၊ သစ်တောများမှ ကာဗွန်စုစည်း သိုလှောင်နိုင်မှုတို့ကို တွက်ချက်ပြီးစီးသည့် အဖွဲ့ဝင် ၃၄ နိုင်ငံစာရင်းတွင် ပါဝင်နေပြီဖြစ်ကြောင်း၊ ၂၀၃၀ တွင် ကာဗွန်ကို သန်း ၉၀ အထိ သိုလှောင်ထားနိုင်ရေး (သစ်တစ်ပင် က တစ်နှစ်လျှင် ကာဗွန်ပမာဏ ပျမ်းမျှ ၁၅ ကီလိုဂရမ်မျှ စုပ်ယူထိန်းသိမ်းနိုင်ကြောင်း သိရ။) ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အပါအဝင် မီဒီယာများက သစ်ပင်သစ်တော၏ အရေးပါမှု၊ တန်ဖိုးကြီးမားမှုနှင့် သစ်တောထိန်းသိမ်းရေး နည်းလမ်းများကို ဘက်ပေါင်းစုံမှ နည်းလမ်းစုံဖြင့် ပညာပေးရန် လိုအပ်နေပြီဖြစ်ပါသည်။ အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် တစ်စက္ကန့်လျှင် သစ်တောဟက်တာပေါင်းများစွာ ပြုန်းတီးနေသည့် ယနေ့လိုကာလဝယ် သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ကမ္ဘာသူကမ္ဘာသား၊ နိုင်ငံသူနိုင်ငံသားတို့၏ ရင်ထဲသို့ အလျင်အမြန်ရောက်ရှိပြီး သစ်ပင်သစ်တောကို အသက်တမျှ ချစ်ခင်မြတ်နိုး ယုယကာကွယ်ကြစေရန်အတွက် ယခုကပင် စတင်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။ ။



✻ ကျောဖုံးမှ
ကြသူများဖြင့် စည်ကားခဲ့သည့်အပြင် လာရောက်ရေကစားကြသည့် သင်္ကြန်ချစ်သူပြည်သူများအား စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

### အလှူဒါနပြုလုပ်

အလားတူ ရခိုင်ရိုးရာရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန်မဏ္ဍပ်နှင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တပ်ကုန်း၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိ မြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၊ မိသားစုမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူ ပြည်သူများက ပျော်ရွှင်စွာ ရေကစားခြင်း၊ စတုဒိသာ အလှူဒါနပြုလုပ်ခြင်းများဖြင့် စည်ကားခဲ့သည်။

### အထူးစည်ကား

ယနေ့ သင်္ကြန်အကြတ်နေ့တွင် Sky Net ရေကစားမဏ္ဍပ်၌ နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ ဖျော်ဖြေကြသကဲ့သို့ တိုင်းရင်းသား ယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာအက အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရေကစားကြသူများဖြင့် အထူးစည်ကားခဲ့သည်။



နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။



သင်္ကြန်ကာလ၌ မှုခင်းကြိုတင်ကာကွယ်မှုအဖြစ် တာဝန်ရှိသူများက စစ်ဆေးနေမှုကို တွေ့ရစဉ်။

ထို့အတူ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် လေ့ခွင်းတောင် ကမ်းခြေအပန်းဖြေစခန်း၊ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နေပြည်တော်ဆာဖာရီ ဥယျာဉ်တို့တွင်လည်း လာရောက်လည်ပတ် အနားယူအပန်းဖြေကြသည့် မိသားစုများ၊ ပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီးစသည့် ဘုရားကျောင်းကန်များနှင့် တရားစခန်းများတွင် ကုသိုလ်ပြုကြသူများ၊ တရားဘာဝနာ ပွားများကြသူများလည်း များပြားခဲ့သည်။

### လှည့်ကင်းများဖြင့် စောင့်ရှောက်

ထို့သို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်းမရှိစေရန် စစ်ဆေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပန်းဖြေကမ်းခြေ စခန်းများတွင် လာရောက်အပန်းဖြေကြသူများ အသက်အန္တရာယ်ဆုံးရှုံးမှုမရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များက သတိပေးနှိုးဆော်ခြင်းများနှင့် လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မျိုးရဲသူ၊ ဓာတ်ပုံ-လေးသန်းထိုက်ဖုန်**

❖ ကျောဖုံးမှ
မဟာဗန္ဓုလပန်းခြံထဲမှာပဲ အေးအေးဆေးဆေး အနားယူမယ်” ဟု ပြောသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုအရ မြို့နယ်များအလိုက် ဗဟိုမဏ္ဍပ်များနှင့် ပုဂ္ဂလိက ရေကစားမဏ္ဍပ်များကို သတ်မှတ်စည်းကမ်းချက်များ အတိုင်း ခွင့်ပြုခဲ့သည့်အပြင် မြန်မာ့ရိုးရာနန်းတွင်း ရှေးခေတ်သင်္ကြန်၊ ကျေးလက်သင်္ကြန်နှင့် ခေတ်ပေါ်သင်္ကြန် (ခေတ်သုံးခေတ်)တို့ကို ကိုယ်စားပြုသည့် လမ်းလျှောက်သင်္ကြန်များကိုလည်း မဟာဗန္ဓုလပန်းခြံ လမ်းတစ်လျှောက်နှင့် မြကျွန်းသာဥယျာဉ်၊ အင်းလျားကန်ပေါင်တို့ အပါအဝင် နေရာငါးနေရာ၌ ကျင်းပလျက်ရှိရာ သင်္ကြန်ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်လည်ပတ်မှုနှင့် ပတ်သက်၍ စမ်းချောင်းမြို့နယ်မှ ကိုမင်းသူက “ရန်ကုန်သင်္ကြန်က ဒီနှစ်မှာ ပိုစည်ကားလာတယ်လို့ ထင်တယ်။ မဏ္ဍပ်တွေများလာသလို လမ်းလျှောက်သင်္ကြန်တွေလည်း မနှစ်ကထက် ပိုများလာတယ်။ လမ်းလျှောက်သင်္ကြန်လည်ရတာ ပျော်ဖို့ကောင်းတယ်။ အန္တရာယ်ကင်းသလိုလည်း ခံစားရတယ်။ မနက်ဖြန် သင်္ကြန်အတက်နေ့မှာတော့ သူငယ်ချင်းတွေနဲ့အတူ ကားနဲ့လည်မယ်လို့ စိတ်ကူးထားပါတယ်”ဟု ဆိုသည်။

မြောက်ဥက္ကလာပ မြို့နယ်မှ ကိုဟိန်းထက်အောင်က “သူငယ်ချင်းတွေနဲ့စုပေါင်းပြီး ကားနဲ့လည်ကြတာပါ။ မဏ္ဍပ်ကြီးတွေအများဆုံးရှိတဲ့ အင်းလျားဘက်ကတော့ ကားပိတ်လို့ အချိန်တော်တော်ပေးလိုက်ရတယ်။ သင်္ကြန်နောက်ဆုံးနေ့မှာတော့ ကားနဲ့မလည်တော့ဘူး။ မဟာဗန္ဓုလပန်းခြံနားက လမ်းလျှောက်သင်္ကြန်ကို သွားမယ်လို့ စိတ်ကူးထားပါတယ်” ဟု သူ၏ သင်္ကြန်လည်ပတ်မှု အစီအစဉ်ကို ပြောသည်။

ယနေ့ ရန်ကုန်သင်္ကြန် အကြတ်နေ့တွင် မဏ္ဍပ်ကြီးများ အများဆုံးစုစည်းတည်ရှိရာ လှိုင်မြို့နယ် (အင်းလျားကန်ပေါင်အနီး) ပြည်လမ်းပေါ်ရှိ မဏ္ဍပ်ကြီးများ၊ မြို့တွင်းလမ်းမကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အနော်ရထာလမ်းပေါ်ရှိ မဏ္ဍပ်ကြီးများ လမ်းနှင့်မြို့နယ်များအလိုက် တည်ရှိသည့် မြို့နယ်ဗဟိုမဏ္ဍပ်များတွင် နာမည်ကျော် ရုပ်ရှင်၊ သဘင်နှင့် ဂီတ အနုပညာရှင်များနှင့်အတူ သင်္ကြန်ယိမ်းအဖွဲ့များက ကပြသီဆိုဖျော်ဖြေကြရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ ရေကစားသူများနှင့် ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

မြို့နယ်များရှိ ရပ်ကွက်အလိုက် လမ်းများတွင်လည်း မိသားစု ရေကစားမဏ္ဍပ်များ၊ အုန်းလက် မဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေကစားလျက်ရှိသည့် အပြင် စတုဒိသာ အလှူများကိုလည်း ကျွေးမွေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် တရားရိပ်သာများတွင်လည်း သင်္ကြန်ကာလ (ရက်တို) တရားစခန်းဝင်ရောက်သူများ ယခင်နှစ်များထက် ပိုမိုများပြားလာကြောင်း တရားရိပ်သာများမှ သိရသည်။



မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့ အင်းလျားကန်ပေါင်၌ သင်္ကြန်ချစ်သူများဖြင့် စည်ကားစွာတွေ့ရစဉ်။

သင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးတွင်း၌ ပြည်သူများ အန္တရာယ်ကင်းစွာဖြင့် ပျော်ရွှင်စွာ ရေကစားနိုင်စေရန်နှင့် မှုခင်းများလျော့နည်းစေရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုံခြုံရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့လသာမြို့နယ် ၁၉ လမ်းရှိ Sky Net မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ခံကားများ၊ ရေပက်ခံကြသူများဖြင့် စည်ကားစွာတွေ့ရစဉ်။



ရန်ကုန်မြို့ ပြည်လမ်းရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားသူများ၊ ရေပက်ခံသူများကို တွေ့ရစဉ်။

ရန်ကုန်မြောက်ပိုင်း ခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝေ က “ဒီခရိုင်အတွင်းမှာ မဏ္ဍပ်အားလုံး ကိုးခုရှိတယ်။ မဏ္ဍပ်တွေမှာ ပြည်သူတွေ အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်စွာ ကစားနိုင်ဖို့ လုံခြုံရေးဆောင်ရွက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ ဒ့ါအပြင် လှည့်ကင်းအဖွဲ့ထားရှိပြီး ရေကစားတဲ့သူတွေ အချင်းချင်းခိုက်ရန်မဖြစ်ပွားအောင်နဲ့ သူတို့မှာပါရှိတဲ့ အန္တရာယ်ပြုနိုင်တဲ့ ပစ္စည်းတွေကိုလည်း အသိပညာပေးပြီး သိမ်းဆည်းတာမျိုးတွေ လုပ်ဆောင်နေပါတယ်” ဟု ပြောသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# မန္တလေးမြို့တော်တစ်ခွင် မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် ရေပက်ကစားကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကား



မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**မန္တလေး ဧပြီ ၁၅**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် (အကြတ်နေ့)တွင် မန္တလေးမြို့နေရာအနှံ့အပြား၌ ရေပက်ကစားကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အကြတ်နေ့တွင် မန္တလေးမြို့ ကျုံးအနောက်ဘက်ရှိ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၏ သီဆိုဖျော်ဖြေမှုများတွင် ရေပက်ခံရင်း မြူးထူးပျော်ရွှင်စွာ ကခုန်လျက်ရှိသည့်အပြင် ကျုံးတောင်ဘက်အခြမ်း၌ ကျင်းပလျက်ရှိသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပခရီးသွားများလည်း ပါဝင်ဆင်နွှဲကြသည့်အတွက် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

"မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကတော့ ပိုမိုကောင်းမွန်တဲ့အစီအစဉ်တွေနဲ့ ပြင်ဆင်ကျင်းပသွားတာတွေ့ရတယ်။ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာ ရေပက်ခံရင်း စတုဒိသာမဏ္ဍပ်တွေမှာ ကိုယ်စားချင်တဲ့အစားအစာတွေကို ဝင်တန်းစီရင်း စားလို့ရတယ်။ လမ်းလျှောက်ပြီး လည်ပတ်ရတော့ လွတ်လပ်ပေါ့ပါးပြီး အန္တရာယ်ကင်းပါတယ်" ဟု ပုသိမ်ကြီးမြို့နယ်မှ မိသားစုလိုက် ရေပက်ခံထွက်လာသည့် ကိုဇင်လင်းထွန်းက ပြောသည်။

ထို့အပြင် ကျုံးအရှေ့ဘက်ခြမ်းတွင် ကျင်းပလျက်ရှိသည့် တောသင်္ကြန်ပွဲတော်တွင် နေ့ည ရောင်းချနေသော ဆိုင်ခန်းများတွင် တပျော်တပါး ဝယ်ယူစားသုံးနေကြသည့် သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားများပြားသည့်အပြင် သင်္ကြန်အကြိုနေ့၌ ဖွင့်လှစ်လိုက်သည့် အဆင့်မြှင့်တင်ပြုပြင်ထားသော ကျုံးအရှေ့ဘက် အပန်းဖြေလျှောက်လမ်းနေရာများတွင်လည်း အနားယူအပန်းဖြေနေသူများ၊ အလှဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် မဟာအောင်မြေမြို့နယ် မနော်ရမ္မကွင်းရှိ တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်တွင်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအကအလှများ၊ ယိမ်းအဖွဲ့များနှင့် သံချပ်အသင်းများ၏ ဖျော်ဖြေတင်ဆက်မှုများကို လာရောက်အားပေးကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့၏ ပူပြင်းသည့် အပူဒဏ်ကို ရှောင်လွှဲနိုင်ရန် သင်္ကြန်လည်ပတ်သူများသည် မန္တလေးမြို့ တန်ခိုးကြီးဘုရားများဖြစ်သော မဟာမုနိ၊ ကုသိုလ်တော်၊ စန္ဒာမုနိကျောက်တော်ကြီးဘုရား၊ မန္တလေးမြို့တွင်းရှိ ဘုရားများနှင့် မြို့ပြင်ရှိ တောင်သမန် ဦးပိန်တံတား၊ မန္တလေးမြို့အနီးရှိ သုံးမိုင်၊ ငါးမိုင်၊ ခြောက်မိုင်၊ ခုနစ်မိုင် နေရာများတွင် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့တွင်းလမ်းတစ်လျှောက် စတုဒိသာ ကျွေးမွေးလှူဒါန်းသူများကိုလည်း တွေ့ရသည်။

ညနေပိုင်းနှင့် ညပိုင်းတို့တွင် ကျုံးအရှေ့ဘက်ခြမ်းရှိ တောသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေတင်ဆက်သည့် ရုပ်သေးအက၊ ဆင်အကနှင့် ခြင်းအလှခတ်ပွဲများကို လာရောက်အားပေးကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိပြီး ကျုံးတောင်ဘက်ခြမ်းရှိ မြို့တော်မဟာသင်္ကြန်ပွဲ၌ တက္ကသိုလ် ခင်မြလွင်၊ ရဲတေးဂီတအဖွဲ့တို့၏ တီးခတ်မှုများနှင့်အတူ အနုပညာရှင်များ၊ နိုင်ငံကျော်အဆိုတော်များ၊ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို အားပေးကြည့်ရှုသူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

**မင်းထက်အောင်၊ တင်မောင် ( မန်းကိုယ်ပွား)**



မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပြည်ပခရီးသွားဧည့်သည်များ ပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ယာဉ်အန္တရာယ်မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး

# ပွင့်ဖြူမြို့နယ်ရှိ မုန်းချောင်းတံတား၌ သင်္ကြန်ကာလ ရေကစားအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ပွင့်ဖြူ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးရှိ ကျွန်းပင်စင်ကျေးရွာနှင့် သမင်ခြံကျေးရွာကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မုန်းချောင်းဝါးတံတား(ခေါ်) အညာမုန်းချောင်း ဦးပိန်တံတား၌ ယခုနှစ် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လာရောက်အပန်းဖြေ ရေကစားကြသူများဖြင့် အထူးစည်ကားလျက် ရှိနေကြောင်း သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ မုန်းချောင်းတံတားသည် ကျွန်းပင်စင်ကျေးရွာနှင့် သမင်ခြံကျေးရွာတို့ကြား လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် သမင်ခြံကျေးရွာမှ ပြည်သူများက စည်းလုံး ညီညွတ်စွာ ဆောက်လုပ်ထားသည့် ကျေးရွာချင်းဆက် ဝါးတံတားဖြစ်ပြီး နှစ်စဉ် သင်္ကြန်ပွဲတော်ကျင်းပချိန်များတွင် ပွင့်ဖြူမြို့နယ် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ကြည်လင်အေးမြသော မုန်းချောင်းရေတွင် ရေကစားရင်း လာရောက်အပန်းဖြေ အနားယူကြရာမှ တဖြည်းဖြည်း လူသိများလာကာ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော် ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် ဧည့်သည်များပါ လာရောက်အပန်းဖြေ အနားယူကြ၍ ပိုမိုစည်ကားလာခဲ့ကြောင်း သမင်ခြံကျေးရွာမှ ပြည်သူများက ပြောသည်။

"ဒီ မုန်းချောင်းဝါးတံတားလေးဟာ အခုဆိုရင် တဖြည်းဖြည်းနဲ့ လူသိများလာပြီး အရမ်းကို စည်ကားလာပါပြီ။ ဒီတံတားလေးက ကျွန်မတို့ သမင်ခြံကျေးရွာက ဒေသခံပြည်သူတွေစေတနာအပြည့်နဲ့ ဆောက်လုပ်ထားတဲ့ ကျေးရွာချင်းဆက်တံတားဖြစ်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း အရှည် နှစ်ဖာလုံလောက်ရှိပါတယ်။ ဒီတံတားလေးကို စက်ဖောင်ပို့ပေးနေတဲ့ ဦးပိန်ကို အစွဲပြုပြီး ကျေးရွာချင်းဆက် မုန်းချောင်းတံတား(ခေါ်) အညာမုန်းချောင်း ဦးပိန်တံတားလို့ အမည်တွင် လူသိများလာပါပြီ။ ဒီတံတားလေးမှာ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော်ကျင်းပချိန် သင်္ကြန်အကြိုနေ့မှ စတင်စည်ကားလာပြီး နှစ်ဆန်း ၁ ရက်နေ့ဟာ အစည်ကားဆုံးအချိန်ဖြစ်ပါတယ်" ဟု သမင်ခြံရွာသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

အခြားဒေသများမှ ဘုရားဖူး ဧည့်သည်များအနေဖြင့် အဆိုပါ ကျေးရွာချင်းဆက် မုန်းချောင်းတံတား(ခေါ်) အညာမုန်းချောင်း ဦးပိန်တံတားသို့ လာရောက်လိုပါက ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာမှ နှစ်မိုင်ခန့်အကွာတွင်ရှိသော ကျွန်းပင်စင်ကျေးရွာသို့ ကား၊ ဆိုင်ကယ်များဖြင့် လာရောက်နိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ချောင်းသာကမ်းခြေ၌ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုမြင့်ထွန်း

## လှိုင်ကော်မြို့တွင် သင်္ကြန်ကာလအတွင်း ဘုရားဖူးသူများ၊ ဥပုသ်စောင့်သူများ၊ ရေကစားကြသူများဖြင့် စည်ကား

**လှိုင်ကော် ဧပြီ ၁၅**

ကယားပြည်နယ် လှိုင်ကော်မြို့၌ ယနေ့ သင်္ကြန်အကြတ်နေ့တွင် တောင်ကွဲစေတီတော်၊ မြို့နာမ်စေတီတော် စသည့် လှိုင်ကော်မြို့တွင်း ဘုရားများသို့ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ကယားပြည်နယ်၏ လည်ပတ်မှုအများဆုံးနေရာများဖြစ်သည့် ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်၊ ကွိုင်ငံရေထွက်ပေါက် စသည့် နေရာများတွင်လည်း ရေကစားသူများ၊ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

လှိုင်ကော်မြို့ ဗဟိုမဏ္ဍပ်တွင် ရေကစားလည်ပတ်သူများ၊ တေးဂီတဖျော်ဖြေမှုလာရောက်အားပေးသူများဖြင့် စည်ကားလျက်ရှိပြီး ဗဟိုမဏ္ဍပ်တွင် နိုင်ငံကျော်တေးသံရှင်များအပြင် ဒေသခံအဆိုတော်များဖြင့် နေ့စဉ်ဖျော်ဖြေလျက်ရှိပြီး စတုဒိသာမဏ္ဍပ်တွင်လည်း ရေကစားကြသူများ၊ လည်ပတ်သူများကို နေ့စဉ် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ဗဟန်းမြို့ မဟာစည်သာသနာ့ရိပ်သာ၌ သင်္ကြန်တွင်း တရားစခန်းဖွင့်လှစ်

**ဗဟန်း ဧပြီ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၌ သင်္ကြန်တွင်း တရားစခန်းကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ (သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ) ငါးရက်တရားစခန်း ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ တရားစခန်းတွင် သင်္ကြန်ဒုလ္လဘရဟန်းတော် ၄၆၄ ပါး၊ သီလရှင် ၂၅၂ ပါး၊ အမျိုးသားယောဂီ ၁၈၂ ဦးနှင့် အမျိုးသမီးယောဂီ ၁၀၇၈ ဦး စုစုပေါင်း ၁၉၇၆ ဦး တရားအားထုတ်လျက်ရှိပြီး မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ မဟာစည်သာသနာ့ရိပ်သာရှိ ဆရာတော်သံဃာတော်အရှင်သူမြတ်များက နှစ်သစ်တရားတော်များကို ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **စန္ဒာမိုး(ပြန်/ဆက်)**

## ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် (အကြတ်နေ့) ပျော်ရွှင်စွာဆင်နွှဲ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လည်ပတ်လေ့လာ

**ရန်ကုန် ဧပြီ ၁၅**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် (အကြတ်နေ့)ကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ လမ်းလျှောက်သူများ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ကားများစီးနင်း၍ လည်ပတ်ရေပက်ခံထွက်ကြသော ကလေး၊ လူငယ်၊ လူကြီးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း အနေ့ယာဉ် ဆိုက်ကားများ စီးနင်း၍ လည်ပတ်လေ့လာလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

သင်္ကြန်အကြတ်နေ့ နံနက် ၉ နာရီက စတင်ပြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မှန်လုံကားဝင်းအတွင်းရှိ ဗဟိုမဏ္ဍပ်တွင် မြန်မာ့ရိုးရာအကများ၊ တစ်ပင်တိုင်အကများ၊ ခေတ်ပေါ်သံစုံတီးဝိုင်းများ တီးခတ်၍ တေးသံရှင် ညီအစ်ကိုမောင်နှမများ၏ ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များ ဧည့်ခံခဲ့ရာ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေပက်ခံကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများမှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း ရန်ကုန် (ပန်းဆိုးတန်း) ဆိပ်ကမ်းမှတစ်ဆင့် ဒလဆိပ်ကမ်းဘက်သို့ ဂျပန်နိုင်ငံမှလှူဒါန်းထားသည့် ချယ်ရီသင်္ဘောများဖြင့် လိုက်ပါပြီး ဒလမြို့အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ဆုတောင်းပြည့် ရွှေစာရံစေတီတော်မြတ်ကြီးနှင့် ရဟန္တာဦးပညာစံကျောင်း၊ အထင်ကရနေရာများ၊ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်သည့် Recycle လုပ်ငန်း၊ ဈေးများ၊ ရပ်ကွက်များအတွင်းသို့ အနေ့ယာဉ်ဆိုက်ကားများဖြင့် လည်းကောင်း၊ လမ်းလျှောက်၍ လည်းကောင်း အသီးသီးလည်ပတ်လေ့လာခဲ့ကြသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း နိုင်ငံခြားသားခရီးသွား ဧည့်သည်များနှင့် ဒေသခံပြည်သူများ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် လည်ပတ်ရေကစားနိုင်စေရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မြို့တွင်းလုံခြုံရေးလုပ်ငန်းများ၊ ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေး စီစီတီဗွီကင်မရာများဖြင့် တပ်ဆင်စောင့်ကြည့်ခြင်းနှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့က အဓိကလမ်းမကြီးများတွင် ပြည်သူများယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်တိုက်မှု မဖြစ်ပွားစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**



## ပြည်မြို့ လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိ



**ပြည် ဧပြီ ၁၅**

ပြည်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းလျှောက်သင်္ကြန်နှင့် ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်တွင် ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး ရေကစားလာရောက်သူများကို လမ်းလျှောက်သင်္ကြန်ရှိ စတုဒိသာ ရေကစားမဏ္ဍပ်များမှ ထမင်းဟင်း၊ ကြာဆံကြော်၊ မုန့်လုံးရေပေါ်နှင့် စားသောက်ဖွယ်ရာများ စတုဒိသာကျွေးမွေးလှူဒါန်းလျက်ရှိသည်။ **(ဝဲပုံ)**

ထို့အပြင် မြို့ပေါ်ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး တာဝန်ရှိသူများက ရေကစားသူများ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ဘေးကင်းလုံခြုံရေးနှင့် အေးချမ်းပျော်ရွှင်စွာ ကစားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကား

**နေပြည်တော် ဧပြီ ၁၅**

၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် (လမ်းလျှောက်သင်္ကြန်)ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ရန်အောင်(၂)ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်ဘေး၌ကျင်းပရာ ယနေ့(သင်္ကြန်အကြတ်နေ့)တွင် ဒေသခံပြည်သူများ၊ နေပြည်တော်အတွင်းရှိ ရှစ်မြို့နယ်မှ မဟာသင်္ကြန်ချစ်သူများသာမက ပြည်တွင်း၊ ပြည်ပခရီးသွားများပါ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် မဟာသင်္ကြန်(လမ်းလျှောက်သင်္ကြန်)ကို နံနက် ၆နာရီတွင် စတင်လိုက်သည်နှင့်တစ်ပြိုင်နက် ဗဟိုမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ကြီးများ၊ မိသားစုမဏ္ဍပ်ငယ်များနှင့် မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်တွင် ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဒေသခံအလှူရှင်များက စတုဒိသာမဏ္ဍပ်ကြီးတွင် ကျွေးမွေးဧည့်ခံလျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ကျင်းပရာလမ်းတစ်လျှောက်နှင့် ပျဉ်းမနားမြို့တွင် အထူးစည်ကားလျက်ရှိသည်။

**စိုးမိုး(ပြန်/ဆက်)**

# ရပ်မိရပ်ဖများပူးပေါင်းဆောင်ရွက်သော အကဲလေးမဏ္ဍပ်တွင် ရေကစားသူများနှင့် စတုဒိသာစားသုံးသူများဖြင့် စည်ကားလျက်ရှိ

**ပူတာအို ဧပြီ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့ ဟိုခိုရပ်ကွက် ပူတာအို-ဆန်ဂေါင်-ဖုန်ကန်ရာဇီသွားလမ်းမကြီး နမ့်ခမ်းတီတံတားအနီးတွင် ကလေးများပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ဟိုခိုရပ်ကွက် ရပ်မိရပ်ဖများပူးပေါင်း၍ အကဲလေး သင်္ကြန်ရေကစားမဏ္ဍပ် ဆောက်လုပ်ပြီး သင်္ကြန်ရက်အတွင်း ကလေးများအကအလှ တေးသရုပ်ပြဖျော်ဖြေရေးနှင့် စတုဒိသာအလှူ ညှော်ခံကျွေးမွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပူတာအိုမြို့ အကဲလေးမဏ္ဍပ်တွင် ကလေးများ ပျော်ရွှင်စွာရေကစားနေသည်ကို တွေ့ရစဉ်။

**ရေကစားမဏ္ဍပ်မလုပ်ဖြစ်တာ ၁၀ နှစ်မကရှိ**

အကဲလေး ရေကစားမဏ္ဍပ် ဖြစ်မြောက်လာရေးကိစ္စနှင့်ပတ်သက်၍ "အဓိကတော့ သင်္ကြန်ကာလမှာ ကလေးတွေ ကိုယ့်ရပ်ကွက်ထဲမှာပဲ ပျော်ရွှင်စွာရေကစားနိုင်ဖို့နဲ့ သူတို့လေးတွေ ကခုန်ပျော်ပါးနိုင်ဖို့ပါ။ မိဘတွေအနေနဲ့လည်း သူများဆီမှာ သွားကစားမယ့်အစား ကိုယ့်ရပ်ကွက်ထဲမှာဆိုတော့ စိတ်မပူရတော့ဘူးပေ့ါ။ ဘယ်သူမဆို ရေကစားနိုင်ပါတယ်။ ဒီမှာ ရေကစားမဏ္ဍပ်မလုပ်ဖြစ်တာ ၁၀ နှစ်မက ရှိပါပြီ။ အခုမှ ပြန်လုပ်ဖြစ်တဲ့အခါမှာ ကိုယ့်ရပ်ရွာက ကလေးတွေ စည်းစည်းလုံးလုံးနဲ့ ပျော်ပျော်ပါးပါး ကခုန် ရေကစားနေတာတွေ့ရတော့ အလွန်စိတ်ချမ်းသာပါတယ်"ဟု ဟိုခိုရပ်ကွက်မှ ဦးဆောင်စီစဉ်သူ ကိုဖြိုးဝေက ပြောသည်။

အဆိုပါ အကဲလေး ရေကစားမဏ္ဍပ်တွင် မည်သူမဆို ပါဝင်ရေကစားနိုင်ရန် ရေပိုက်များနှင့် ရေမပြတ်စေရေး အလုံအလောက် စီစဉ်ထားကြောင်း၊ ရပ်နီးရပ်ဝေးမှ ရေပက်ခံထွက်လာသူများ၊ ဘုရားဖူးအသွားအပြန်များ နားနေရန်နှင့် စတုဒိသာအလှူ ညှော်ခံကျွေးမွေးရေးနေရာများ စီစဉ်ဆောင်ရွက်ထားကြောင်း ကိုဖြိုးဝေထံမှ ထပ်မံသိရသည်။

"ဒီနေ့ လာရောက်စားသုံးသူတွေအတွက် ကြာဆံ၊ မုန့်ဟင်းခါးနဲ့ ညှော်ခံမှာပါ။ နောက်နေ့တွေမှာတော့ မုန့်ဟင်းခါး၊ သာဂူ၊ မုန့်လုံးရေပေါ်တွေ စီစဉ်ထားတယ်။ တစ်နှစ်မှာ တစ်ခါပဲ ကျရောက်တဲ့ ရိုးရာသင်္ကြန်ပွဲမှာ အခုလို စုပေါင်းအလှူလုပ်ရတာ ကုသိုလ်ရပါတယ်။ နောက်နှစ်တွေမှာလည်း အခုလိုပဲ စတုဒိသာအလှူမျိုး ဆောင်ရွက်သွားမှာပါ။ ဆောင်ရွက်ခွင့်ရဖို့ကိုလည်း ဆုတောင်းပါတယ်။ လာပြီးစားသုံးသူတွေနဲ့ စည်စည်ကားကား ဖြစ်နေတော့ ပိုပြီးပျော်မိပါတယ်"ဟု ချက်ပြုတ်ကျွေးမွေးရေးအဖွဲ့ခေါင်းဆောင် ဒေါ်မြခမ်းက ပီတိစကား ပြောသည်။

**ရာသီဥတုကောင်းမွန်**

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် ပူတာအိုမြို့တွင် ယခင်နှစ်က ပွဲတော်များထက် ပိုမိုစည်ကားပြီး ယခင်နှစ်များက သင်္ကြန်ကာလ ရောက်တိုင်း မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကစားသူများ နည်းပါးကာ ယခုနှစ်သင်္ကြန်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် ရေကစားသူများ၊ ရေပက်ခံထွက်သူများ၊ ဘုရားဖူးသူများ များပြားပြီး ရေကစားမဏ္ဍပ်များလည်း ယခင်နှစ်များထက် တိုးပွားလာကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရား၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ အပန်းဖြေလာရောက်လည်ပတ်သူများဖြင့် စည်ကား

**မိုးညှင်း ဧပြီ ၁၅**

အထက်မြန်မာပြည်၏ တန်ခိုးကြီးဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်သော ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးမြို့တွင် တည်ရှိသည့် အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားကြီးတွင် သင်္ကြန်အကျနေ့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ရုံးပိတ်ရက် အားလပ်ရက်များတွင် လာရောက်အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားကြီးသည် ကချင်ပြည်နယ်၏ ခရိုင်မြို့တစ်မြို့ဖြစ်သည့် မိုးညှင်းခရိုင်အတွင်း တည်ရှိသည့် တန်ခိုးကြီး ရေလယ်ဘုရားတစ်ဆူဖြစ်ပြီး မိုးညှင်းမြို့၏ အနောက်မြောက်အရပ် မိုင် ၅၀ ခန့်အကွာ အင်းတော်ကြီးမြို့ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာအရှေ့ဘက်ရှိ အင်းတော်ကြီးကန်အတွင်း တည်ရှိသည့် ဘုရားဖြစ်ပြီး တစ်နှစ်ပတ်လုံး ဘုရားဖူးများနှင့် စည်ကားများပြားသည့်အပြင် ယခုလို အခါကြီးရက်ကြီးများနှင့် ရုံးပိတ်ရက် အားလပ်ရက်များ၌ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ရွှေမဉ္ဇူ ရေလယ်ဘုရားကြီး၏ အလှည့်ကျဂေါပကဥက္ကဋ္ဌ ဦးတင်အောင်က "အခုလို ရက်ရှည်ရုံးပိတ်ရက်တွေနဲ့ သင်္ကြန်နေ့တွေဆို ဘုရားဖူးနဲ့ အပန်းဖြေလာတဲ့သူတွေ ပိုများတတ်တယ်။ တစ်ရက်ကို နှစ်ထောင်ကျော်လောက် လာတယ်။ ခါတိုင်းရက်တွေက အဝေးက ဘုရားဖူးတွေ လာတာများတယ်။ ဒီလိုနေ့တွေဆိုရင် အင်းပတ်လည်ကလူတွေလည်း လာတော့ ပိုများတယ်"ဟု ပြောသည်။

မိုးညှင်းတွင် မွေးဖွားပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ အစိုးရနည်းပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းအုပ်ကြီး ဒေါက်တာဖြိုးမြင့်သူက "ရက်ရှည်ရုံးပိတ်လို့ ပြန်ဖြစ်ခဲ့တာ။ ပြန်ဖို့က သိပ်မလွယ်ဘူးလေ။ ဒီနေ့ မိသားစုနဲ့အတူ ဘုရားဖူးလာတာ။ ဒီကနေ နီးဘုရားသွားမယ်။ မနက်ဖြန်တော့ မိုးညှင်းမှာ မိသားစုတွေနဲ့ သင်္ကြန်လည်မယ်"ဟု သူ၏ အားလပ်ရက် ဇာတိ ပြန်လာဖြစ်ပုံနှင့်ပတ်သက်၍ ပြောသည်။

ကသာမြို့ ရပ်ကွက်(၅) အမှတ် ၁ လမ်းတွင် နေထိုင်သူ တရားလွှတ်တော်ရှေ့နေ ဦးဝင်းရွှေကလည်း မိသားစုနှင့်အတူ အပန်းဖြေလာရောက် လည်ပတ်ပုံကို "ဒီကို နှစ်တိုင်းနီးပါးရောက်ဖြစ်တယ်။ ဒီနှစ်က ရန်ကုန်မှာနေတဲ့ အမျိုးတွေကို လိုက်ပို့ရင်းနဲ့ လာတာ။ ဟိုးအရင်တုန်းက လမ်းတွေ သိပ်မကောင်းဘူး။ အခုတော့ လမ်းတွေ က ကတ္တရာလမ်းတွေနဲ့ဆိုတော့ အလွန် အဆင်ပြေသွားပြီ။ နောက်နှစ်တွေလည်း လာဖြစ်မယ်ထင်တယ်"ဟု ပြောကြားသည်။



**ကျော်ကျော်ထွေး(ပြန်/ဆက်)**



ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်း၌ သင်္ကြန်အကြတ်နေ့တွင် သင်္ကြန်လည်ပတ်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းနေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ကသာမြို့ လမ်းလျှောက်သင်္ကြန်(အကြတ်နေ့) ပိုမိုစည်ကား

**ကသာ ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် လမ်းလျှောက်အတာသင်္ကြန်(အကြတ်နေ့)တွင် ဘုရားကျောင်းကန်သွားကြသူများ၊ ရေကစားသူများ၊ စတုဒိသာကျွေးမွေးနေသောအဖွဲ့များဖြင့် စည်ကားလျက်ရှိနေကြောင်း တွေ့ရသည်။

ကသာမြို့ မဟာအတာသင်္ကြန်(အကြတ်နေ့)တွင် အေးချမ်းစွာ ရေပက်ကစားကြခြင်း၊ လမ်းလျှောက်သင်္ကြန်နေရာများရှိ စတုဒိသာကျွေးမွေးရေးမဏ္ဍပ်များမှလည်း မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ကြာဆံဟင်း၊ အချိုရည်များဖြင့် ညှော်ခံကျွေးမွေးခြင်း၊ လုံခြုံရေးတွင် ကသာမြို့နယ်ရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှလည်း ရေပက်ကစားကြသူများ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်စေရန် ကြိုတင်စည်းကမ်းချက်များ ထုတ်ထားခြင်း၊ အတာသင်္ကြန်ပွဲတော်ရက်အတွင်း ထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့သဖြင့် ကသာမြို့၏ ပထမအကြိမ် လမ်းလျှောက်သင်္ကြန်သည် အောင်မြင်၍ ယခင်နှစ်များထက် ပိုမိုစည်ကားနေသည်ကိုလည်း တွေ့ရသည်။

**လူအောင်(ကသာ)**

# သထုံ၌ သင်္ကြန်အကြတ်နေ့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစား

**သထုံ ဧပြီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်(အကြတ်နေ့) ဧပြီ ၁၅ ရက်တွင် သထုံမြို့နယ်အတွင်းရှိ နေရာအနှံ့အပြား၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရေသဘင်ပွဲတော်ကို စည်ကားစွာဆက်လက်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

သထုံမြို့နယ်တွင် ဗဟိုရေကစားမဏ္ဍပ်ကြီးကို ရွှေစာရံစေတီအနီး၌ ထားရှိပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့မှ ယိမ်းအဖွဲ့ ကိုးဖွဲ့တို့က အကျနေ့မှ စတင်ကာ အလှည့်ကျ ယှဉ်ပြိုင်ဖျော်ဖြေကြပြီး လာရောက်ကြည့်ရှုသူ၊ ရေကစားကြသူများဖြင့် စည်ကားနေပြီး မြို့နယ်အတွင်းရှိ အခြားရေကစားမဏ္ဍပ်များတွင်လည်း အစုအဖွဲ့အလိုက် ရေကစားကြခြင်းနှင့် စတုဒိသာလှူဒါန်းကျွေးမွေးကြခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖယ်ခုံမြို့ လမ်းလျှောက်သင်္ကြန် စည်ကား

**ဖယ်ခုံ ဧပြီ ၁၅**

ဖယ်ခုံမြို့နယ်၌ ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်(အကြတ်နေ့) ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ရေကစားကြပြီး အလှူရှင်များက စတုဒိသာညှော်ခံမဏ္ဍပ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ရေကစားနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ ရေပိုက်များဖြင့် လမ်းတစ်လျှောက်သွယ်တန်းပေးထားပြီး ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များက လမ်းလျှောက်သင်္ကြန် ကျင်းပရာလမ်းတစ်လျှောက် ရေပက်မဏ္ဍပ်နှင့် စတုဒိသာညှော်ခံမဏ္ဍပ်များဖြင့် ရေကစားခြင်း၊ ညှော်ခံကျွေးမွေးခြင်းများကို ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ အဖွဲ့ ၁၆ ဖွဲ့ခွဲ၍ တစ်ဖွဲ့ချင်းစီအလိုက် ရေပက်မဏ္ဍပ်နှင့် စတုဒိသာညှော်ခံမဏ္ဍပ်များဖြင့် သင်္ကြန်အကျ၊ အကြတ်၊ အတက် သုံးရက်တိုင်တိုင် စတုဒိသာများ ညှော်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မဟာသင်္ကြန်(အကြတ်နေ့)တွင် ပရေကြေတိုရေတံခွန်၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ရှမ်းရွာသစ် ဧပြီ ၁၅**
ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု ပရေကြေထကျေးရွာတွင်ရှိသော ပရေကြေတိုရေတံခွန်သည် ဘားအံမြို့မှ ၄၈ မိုင်၊ လှိုင်းဘွဲ့မြို့မှ ၂၄ မိုင် ကွာဝေးပြီး မဟာသင်္ကြန်(အကြတ်နေ့)တွင် လာရောက်၍ အပန်းဖြေသူများ ယခင်နေ့များထက် ပိုမိုများပြားခဲ့ပြီး မနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်အနားယူသူများ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မိသားစုက လှိုင်းဘွဲ့မြို့က လာခဲ့ကြတာပါ။ မိသားစုစုံစုံလင်လင် အပန်းဖြေလို့ရအောင် ဒီရေတံခွန်ကို လာခဲ့ကြတာပါ။ ပရေကြေတိုရေတံခွန်ဟာ ဒီနယ်တစ်ဝိုက်မှာ ထင်ရှားတဲ့နေရာတစ်ခုဖြစ်လို့ အပန်းဖြေလို့ရအောင် လာခဲ့ကြတာပါ။ ဒီကိုရောက်တော့ ကျွန်မတို့လိုပဲ လာရောက်အပန်းဖြေအနားယူနေကြတဲ့ ဧည့်သည်တွေများပြားပြီး စည်ကားနေတာကို တွေ့ရပါတယ်။ နောက်ပြီး ရေချိုးရတာ အန္တရာယ်မရှိဘဲ ကလေး၊ လူကြီး မိသားစုအလိုက် ပျော်ပျော်ပါးပါး ရေချိုးလို့ရတော့ အဆင်ပြေပါတယ်။ စျေးဆိုင်တန်းလည်းရှိတော့ စားရင်းသောက်ရင်း အပန်းဖြေလိုက်၊ ရေချိုးလိုက်နဲ့ အလွန်ပျော်ဖို့ကောင်းပါတယ်။ နောက်နှစ်ကျရင်လည်း ဒီရေတံခွန်ကို မိသားစု၊ သူငယ်ချင်းတွေနဲ့ ထပ်မံလာရောက်ဖို့ စိတ်ကူးရှိပါတယ်"လို့ ပြောသည်။

ရှမ်းရွာသစ်မြို့မှ တစ်နိုင်တစ်ပိုင် စျေးရောင်းလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံအမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့က ရေတံခွန်မှာ နှစ်စဉ်နှစ်တိုင်း ပွင့်လင်းရာသီရောက်ပြီဆိုရင် ဧည့်သည်တွေ နေ့စဉ်လာရောက် အပန်းဖြေအနားယူကြတာများပါတယ်။ သင်္ကြန်အချိန်ကတော့ လူအများဆုံးလာတဲ့အချိန်ဖြစ်လို့ ပိုစည်ကားပြီး စျေးရောင်းကောင်းပါတယ်။ အေးအေးလူလူ ရေချိုးအပန်းဖြေပြီးလို့ အိမ်ပြန်ကြတော့မယ်ဆိုရင် ဒေသထွက် သဘာဝဟင်းသီးဟင်းရွက်တွေကိုလည်း လက်ဆောင်ဝယ်ယူပြီးမှ ပြန်ကြပါတယ်။ ကျွန်မတို့လို ဒေသခံပြည်သူတွေနဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေက ဒေသနေပြည်သူတွေအတွက်လည်း နေ့စဉ်ဝင်ငွေရလို့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်" ဟု ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



ပရေကြေတိုရေတံခွန်၌ လာရောက်အပန်းဖြေနေသူများကို တွေ့ရစဉ်။

# မိုင်းယောင်းရှိ နမ့်ယောင်းချောင်း၌ သင်္ကြန်အကြတ်နေ့ ရေကစားသူများဖြင့် စည်ကား

**မိုင်းယောင်း ဧပြီ ၁၅**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဧပြီ ၁၅ ရက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်(အကြတ်နေ့)တွင် ဝမ်ကောင်းကျေးရွာအုပ်စုရှိ ရေပေါ်ယာယီတဲများဖြင့် ဖွင့်လှစ်ထားသော နမ့်ယောင်းချောင်း အပန်းဖြေနေရာများ၌ လာရောက်အပန်းဖြေကြသူများနှင့် ရေကစားသူများဖြင့် စည်ကားကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်ရှိ နမ့်ယောင်းချောင်းတွင် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်သူများအတွက် အပန်းဖြေနားနေနိုင်သည့် ယာယီတဲများကို ချောင်းဘေးသဲသောင်ပေါ်နှင့် ရေပေါ်တွင် တည်ဆောက်ပေးထားပြီး စျေးဆိုင်ခန်းများနှင့် စားသောက်ဖွယ်ရာများ ရောင်းချပေးလျက်ရှိကာ နှစ်စဉ်ရေကစားသူများဖြင့် စည်ကားလျက်ရှိသလို ယခုနှစ်တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများနှင့် ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**



# မြိတ်ကျွန်းစုသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲသူ ခရီးသွားဧည့်သည် တစ်ထောင်ခန့်ရှိ

**မြိတ် ဧပြီ ၁၅**
၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း မြိတ်ကျွန်းစု အတာသင်္ကြန်ပွဲတော်သို့ ခရီးသွားပြည်သူများ သွားရောက်အပန်းဖြေနိုင်စေရန် ခရီးသွားလုပ်ငန်းများမှ ပို့ဆောင်ပေးလျက်ရှိရာ သင်္ကြန်အကျနေ့တွင် မြိတ်ကျွန်းစု ကျွန်းသင်္ကြန်ပွဲတော်သို့ လိုက်ပါဆင်နွှဲသည့် ခရီးသွားပြည်သူ တစ်ထောင်ခန့်ရှိကြောင်း မြိတ်မြို့နယ် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်ထံမှ သိရသည်။

လှပသော သဲသောင်ကမ်းခြေ၊ ရောင်စုံကျောက်စရစ်ကမ်းခြေများ၊ စိမ်းစိုသည့် တောအုပ်လေးများ၊ ပြာလဲ့လဲ့ ကောင်းကင်အောက်တွင် စိမ်းမြမြ ပင်လယ်ပြင်အထက် စိတ်ဘဝင်အေးရင်ခုန်ဖွယ်လှပလွန်းသည့် ကျွန်းများဖြစ်သည့် လေးကျွန်း၊ စမစ်ကျွန်း(ပါပန့်ကျွန်း)နှင့် ဒုံးညောင်မှိုင်း၊ ဒုံးရေတံခွန်များနှင့် တခြားကျွန်းများသို့ မြိတ်မြို့ရှိ ခရီးသွားလုပ်ငန်း ၃၃ ခုမှ ပို့ဆောင်ပေးလျက်ရှိကာ ခရီးသွားဧည့်သည်များ အဆင်ပြေစေရေး သင်္ကြန်ရက်များအတွင်း စပိဘုတ်များအပြင် Air Con အမြန်ရေယာဉ်ကြီးများဖြင့် အားဖြည့်ပို့ဆောင်ပေးလျက်ရှိကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

၎င်းအပြင် မြိတ်မြို့တစ်ဖက်ကမ်းရှိ ပထက်ကျွန်းမှ လျောင်းတော်မူဘုရားကြီးသို့ စက်လှေငယ်များဖြင့် ရပ်နီးရပ်ဝေးမှ သင်္ကြန် ဘုရားဖူးခရီးသည်များ သွားရောက်ဖူးမြော်လျက်ရှိရာ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံရေးအတွက် ခရီးသွားလုပ်ငန်းများ အချင်းချင်း၊ ပင်လယ်ပြင်အတွင်း ခရီးသွားပို့ဆောင်သူများနှင့် မြိတ်မြို့ပေါ်ရှိ ခရီးသွားကုမ္ပဏီများ အပြန်အလှန် အချိန်ပြည့် အချိတ်အဆက်မိမိဖြင့် သတင်းအချက်အလက် ပေးပို့ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# မြို့နယ်များတွင် သင်္ကြန်အကြတ်နေ့ ပျော်ရွှင်စွာဆင်နွှဲလျက်ရှိ

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ဧပြီ ၁၅ ရက် သင်္ကြန်(အကြတ်နေ့)က မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြသူများ လာရောက်ကြသဖြင့် စတင်စည်ကားလျက်ရှိပြီး မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်နှင့် တပင်ရွှေထီးလမ်းမကြီး တစ်လျှောက်တို့တွင် လမ်းလျှောက်သင်္ကြန်ဆင်နွှဲသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား လျက်ရှိသည်။

မော်လမြိုင်ကျွန်း မြန်မာ့ရိုးရာရေသဘင်ပွဲသို့ တကူးတက နှစ်စဉ်လာရောက်နွှဲပျော်ကြသော ရပ်ဝေးမြို့နယ်များမှ သင်္ကြန်ချစ်သူများသည် နံနက်ပိုင်း ၁၀ နာရီခန့်အထိ မော်လမြိုင်ကျွန်းမြို့တွင် ရေသဘင်ပွဲနွှဲပျော်ကြပြီး မွန်းလွဲပိုင်းတွင် ပွဲထောင်ရေယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အင်ကြင်းတစ်ထောင်ဘုရားများနှင့် ဗောဓိတစ်ထောင်ဘုရားများသို့လည်းကောင်း၊ မော်တော်ကား၊ ဆိုင်ကယ်များဖြင့် ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင်ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

**ကော့သောင်း**

ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင် ကော့သောင်းမြို့သူမြို့သားများ အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ရေကစားကြကြောင်း သိရသည်။

ကော့သောင်းမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် နံနက် ၈ နာရီမှစတင်၍ မြန်မာ့ရိုးရာအကဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ သီဆိုဖျော်ဖြေကြရာ လာရောက်ကြည့်ရှုအားပေးသူ မြို့နေပြည်သူများ၊ ရေကစားသူများဖြင့် စည်ကားလှသည်ကို တွေ့မြင်ရသည်။ ထို့အပြင် ရပ်ကွက်အလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှု ယိမ်းအကအဖွဲ့များက ဧည့်ခံကပြသီဆိုဖျော်ဖြေကြပြီး စတုဒိသာကျွေးမွေးမှု အစီအစဉ်များအား မြို့နေမိဘပြည်သူများ၊ လူငယ်လူရွယ်များ ပျော်ရွှင်စွာလာရောက်ဆင်နွှဲကြသည်ကို တွေ့မြင်ရသည်။

မြို့ပေါ်ရပ်ကွက် ရေကစားဖျော်ဖြေရေးမဏ္ဍပ်များဖြစ်သည့် ဘုရင့်နောင်ရပ်ကွက်၊ အောင်သုခရပ်ကွက်၊ အေးမြကန်သာရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ ရွှေပြည်စိုးရပ်ကွက်နှင့် ကော့သောင်းတပ်နယ် ဖျော်ဖြေရေး ရေကစားမဏ္ဍပ်များတွင် မြန်မာ့ရိုးရာဝလေ့ထုံးစံ သပြေခက်ဖြင့် ရေပက်ကစားကြခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ မြန်မာ့ရိုးရာယိမ်းအကအဖွဲ့များ သီဆိုဖျော်ဖြေညှော့ခံကြရာ မြို့နေရေကစားသူများ၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ရေပက်ခံထွက်ကြသည့် မိသားစုများ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**မြောင်းမြ**

မြောင်းမြမြို့တွင် သင်္ကြန်အကြတ်နေ့တွင် ပျော်ရွှင်စွာရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

မြောင်းမြမြို့မဟာသင်္ကြန်ပွဲတော်ကို အကြိုတော်ဆိပ်ရှိ ဗဟိုမဏ္ဍပ်၌ တေးသီချင်းဖျော်ဖြေမှုများ၊ စတုဒိသာ ရွှေရင်အေး၊ မုန့်လက်ဆောင်းများ တိုက်ကျွေးခြင်း၊ ညပိုင်းတွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ယိမ်းအဖွဲ့များက ယိမ်းပြိုင်ပွဲများ ဖျော်ဖြေပွဲများဖြင့် အထူးစည်ကားလျက်ရှိပြီး (၇)လမ်းသင်္ဘောဆိပ်ရှိ စည်ပင်သာယာရေကစားမဏ္ဍပ်၊ ဆောက်လုပ်ရေး ရေကစားမဏ္ဍပ်နှင့် ရပ်ကွက်ရေကစားမဏ္ဍပ်အသီးသီးတွင် မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

မဟာသင်္ကြန်ပွဲတော်အပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် (၀၄)ကြိမ်မြောက် မြောင်းမြမြို့နယ်လုံးဆိုင်ရာ သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ဒေသတွင်းမှ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်တွင် နိုင်ငံကျော် အဆိုတော်များ၊ အနုပညာရှင်များ၊ သင်္ကြန်ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေလျက်ရှိပြီး အခြားမဏ္ဍပ်များတွင် စတိတ်ရှိုးကဏ္ဍများဖြင့် ဧည့်ခံဖျော်ဖြေမှုများအပြင် စတုဒိသာများ ဧည့်ခံကျွေးမွေးခြင်းများကိုလည်း ပြုလုပ်ကြသည်။ ၎င်းအပြင် မော်လမြိုင်မြို့ပေါ်ရပ်ကွက်တိုင်း၌လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက် လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြကာ စတုဒိသာကျွေးမွေးဧည့်ခံမှုများကိုလည်း ပြုလုပ်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**တပ်ကုန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်ကျော်တွင် တည်ရှိသည့် မြောက်မြိုက်ကျေးရွာအုပ်စု သရက်ကွင်း(ရှ) ကျေးရွာအနီးရှိ ဆင်သေချောင်းတွင် သင်္ကြန်အကျနေ့မှစတင်၍ ယာယီစျေးဆိုင်များနှင့် ချောင်းရေပျော်သူများဖြင့် စည်ကားနေကြောင်း သိရသည်။

"ဒီရွာအနီးရှိ ဆင်သေချောင်းကို နှစ်စဉ် သင်္ကြန်ရက်တိုင်း ရပ်ဝေးရပ်နီးက လူငယ် လူရွယ်တွေ ရေစိမ်၊ ရေဆော့ကစားဖို့ ရောက်ရှိလာပါတယ်။ ရွာသူ ရွာသားတွေ စုပေါင်းဒါနအားနဲ့ စတုဒိသာအဖြစ် ထမင်း၊ ငါးခြောက်ဟင်းနှင့် အချဉ်ဟင်းရည်တို့ဖြင့် ကျွေးမွေးဧည့်ခံပါတယ်။ ရာပေါင်းချီတဲ့ ချောင်းရေစိမ်၊ ရေဆော့ကစားသူတွေကို မနက်ကနေ ညနေထိ ထမင်းကျွေးခဲ့တာ ခြောက်နှစ်ရှိသွားပါပြီ" ဟု သရက်ကွင်းကျေးရွာနေ ဦးတင့်ဆွေက ပြောသည်။

နေ့စဉ် ရပ်ကွက်/ကျေးရွာများတွင် မိသားစုစားဝတ်နေရေး ဆောင်ရွက်နေရသည့်အလျောက် စိတ်ပင်ပန်းမှုများရှိနေသည့်လူတိုင်း စိတ်ဖိစီးမှုလျော့ကျစေရေးအတွက် လေကောင်းလေသန့်များရှူရှိုက်ပြီး ကျေးလက်၏အလှ သဘာဝရှုခင်းခံစားရင်းနှင့် သင်္ကြန်အတွင်း ချောင်းရေစိမ်၊ ရေဆော့ကစားရန်အတွက် သရက်ကွင်း(ရှ) ကျေးရွာဒေသခံပြည်သူများက လာရောက်ကြရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

# ပိုးလမ်းမ ရုပ်ရှင်ပွဲတော် ဒုတိယအကြိမ်အပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သုံးဆုရရှိ

**မူဆယ် မေ ၁၅**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ မန်စီမြို့တွင် ကျင်းပသည့် ပိုးလမ်းမ ရုပ်ရှင်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို မေ ၁၃ ရက် ညပိုင်းက တက်ဟုန် ပြည်နယ်ခွဲ မန်စီမြို့ရှိ ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပိုးလမ်းမ ရုပ်ရှင်ပွဲတော် ဒုတိယအကြိမ် တက်ဟုန်အပြည်ပြည်ဆိုင်ရာ Micro Film ဆုပေးပွဲတွင် မြန်မာနိုင်ငံမှ ကချင်ရုပ်ရှင်သရုပ်ဆောင် ဒေါင်လွတ်ားက လောဘန့်နှင့် မနောမြေမှ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်လမ်းများဖြင့်လည်းကောင်း၊ ရန်ကုန်မှ ဦးနေထက်က Heart to be Art its Freedom တို့ဖြင့်လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထူးချွန်ဆုများ ရရှိခဲ့ကြသည်။

ပိုးလမ်းမရုပ်ရှင် ပွဲတော်တွင် ဇာတ်လမ်းတိုပေါင်း ၅၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့်အနက် အကောင်းဆုံး ဇာတ်လမ်းတိုငါးဆု၊ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် သံယောဇဉ်တစ်ဆု၊ ဒိုင်လူကြီးအဖွဲ့မှ ရွေးချယ်ခံရသူ ၁၈ ဆု စုစုပေါင်း ၂၄ ဆုနှင့် အရွေးချယ်ခံ လက်ရာဇာတ်ကား ၁၀ ကားတို့ ရွေးချယ်ခံခဲ့ရသည်။

အဆိုပါ ပိုးလမ်းမရုပ်ရှင်ပွဲတော် Micro Film ကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တက်ဟုန်ပြည်နယ်မှ လူကြီးမင်းများ၊ တက်ဟုန်ပြည်နယ် ပြန်ကြားရေးဌာနနှင့် တက်ဟုန်ပြည်နယ်ဆိုင်ရာ Micro Film ရုပ်ရှင်ပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ နာမည်ကျော်အနုပညာရှင်များ၊ တရုတ်-မြန်မာ သတင်းမီဒီယာသမားများ၊ ဒေသခံ တိုင်းရင်းသားယဉ်ကျေးမှုအက အဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သန့်ဇင် (မူဆယ်)**



ပိုးလမ်းမ ရုပ်ရှင်ပွဲတော် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ မိုက်ခရိုဖလင်ပြိုင်ပွဲတွင် ဆုရရှိသူများကို တွေ့ရစဉ်။

# ရန်ကုန်သင်္ကြန်အကြတ်နေ့ ပါဝင်ဆင်နွှဲကြသည့်အနုပညာရှင်တို့၏ စကားသံများ

ရန်ကုန် မေ ၁၅

**ယနေ့ မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများနှင့် အင်းလျားကန်၊ ကန်တော်ကြီးနှင့် မြကျွန်းသာတို့တွင် အတာသင်္ကြန်ပွဲတော် ဆင်နွှဲသူတို့ဖြင့် အထူးစည်ကားခဲ့ပြီး အရိပ်ရအပင်များအုပ်ဆိုင်းရာ မြကျွန်းသာတွင်လည်း သင်္ကြန်လည်ပတ်သူတို့ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။ သင်္ကြန်မဏ္ဍပ်တို့တွင် အနုပညာရှင်များနှင့် အဆိုတော်များလည်း နံနက်ပိုင်းမှ ညနေပိုင်းအထိ သီဆိုဖျော်ဖြေလျက်ရှိရာ အနုပညာရှင်တို့၏ စကားသံတို့ကိုဖော်ပြလိုက်ပါသည်။**

**ဖြူဖြူကျော်သိန်း**

"ဖြူဖြူရဲ့ ချစ်ပရိသတ်ကြီး အန္တရာယ်ကင်းပြီး ကျန်းမာပါစေ။ မိမိမျှော်လင့်ကြံစည်ထားသမျှ ပြီးမြောက်အောင်မြင်ပါစေ။ မိသားစုနဲ့ ချစ်ချစ်ခင်ခင်ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်။ သင်္ကြန် လေးရက်မှာ မြကျွန်းသာ CB-KMA သင်္ကြန်မဏ္ဍပ် တစ်ခုတည်းမှာပဲ ဖျော်ဖြေနေပါတယ်။ အတက်နေ့မှာ Rock သီချင်းနဲ့ အကအဖွဲ့တွေနဲ့ ဖျော်ဖြေဖို့ရှိပါတယ်။ ည ၉ နာရီထိ ဖျော်ဖြေသွားမှာပါ။ ပြည်သူအပေါင်း ချမ်းသာကိုယ်စိတ်မြဲပါစေ" ဟု အဆိုတော် ဖြူဖြူကျော်သိန်းကပြောသည်။

**အကယ်ဒမီရဲအောင်**

"ဒီနှစ်မြကျွန်းသာလမ်းလျှောက် သင်္ကြန် ချန်နယ် K မဏ္ဍပ်မှာ သင်္ကြန်လေးရက်လုံးရှိပါတယ်။ နှစ်သစ်မှာပြည်သူအားလုံး ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒတွေ ပြည့်ဝပါစေ။ စိတ်ထဲမှာရှိတဲ့အရာတွေ အားလုံးအောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ချန်နယ် K မဏ္ဍပ်ကို လာရောက်အားပေးကြတဲ့ ပရိသတ်အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရဲအောင်က ပြောသည်။

**အကယ်ဒမီ စိုးပြည့်သဇင်**

"ဒီနှစ်သင်္ကြန်မှာ မြကျွန်းသာက လမ်းလျှောက်သင်္ကြန် ချန်နယ် Kမှာ ရှိပါတယ်။ နှစ်သစ်မှာမြန်မာပြည်သူတွေ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ဆုတောင်းပါတယ်။ ချစ်ပရိသတ်အတွက် နှလုံးသားဒိုင်ယာရီ ဇာတ်ကားရိုက်နေပါတယ်။ လာမယ့်နှစ်မှာ ကိုယ့်အတွက်ကော ပရိသတ်အတွက်ပါ ကြည့်ရတာ သဘောကျမယ့် ဇာတ်လမ်းမျိုးကို အဓိက ရွေးချယ်သွားမှာပါ။ ဒီသင်္ကြန်မှာတော့ သီချင်းမြူးမြူးလေးတွေနဲ့လည်း ဖျော်ဖြေနေပါတယ်"ဟု ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီစိုးပြည့်သဇင်ကပြောသည်။


အကယ်ဒမီ ရဲအောင်


အကယ်ဒမီ စိုးပြည့်သဇင်

**ဆန်းသစ်လ**

"မြန်မာ့နှစ်သစ်ကို ရောက်ပြီဆိုတော့ အားလုံးစိတ်သစ်လူသစ်နဲ့ စီးပွားလာဘ်လာဘ တိုးတက်ပါစေ။ ပျော်ရွှင်ပါစေ။ ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်မှာ နံနက်ပိုင်းတွေမှာ သီဆိုဖျော်ဖြေပြီးတော့ ညနေပိုင်းတွေမှာ (၁၉)လမ်းက စကိုင်းနက် ချန်နယ်နိုင်းမဏ္ဍပ်မှာ ဖျော်ဖြေပါတယ်" ဟု အဆိုတော် ဆန်းသစ်လကပြောသည်။

ယနေ့ညနေပိုင်းတွင် မြကျွန်းသာ CB-KMA လမ်းလျှောက်သင်္ကြန် မဏ္ဍပ်မှာ ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ Idiots၊ ဖြိုးပြည့်စုံ၊ လင်းနစ်၊ သားငယ်၊ Rio၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ဝဲငယ်လေး၊ စိုးပြည့်သဇင်တို့ဖြင့် ဖျော်ဖြေလျက်ရှိရာ သင်္ကြန်ပရိသတ်တို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

# ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် မေ ၁၅**

မြန်မာ ယူ-၁၈ အသင်းသည် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ရွေးချယ်ခဲ့ပြီး နှစ်ဦးသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယခုပြိုင်ပွဲအတွက် မေ ၂ ရက်မှစ၍ ပြန်လည်လေ့ကျင့်ခဲ့ပြီး မေ ၁၄ ရက်တွင် အပြီးသတ်လူစာရင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ-ဦးရဲဝင်းအောင်၊ နည်းပြချုပ်-ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ဂိုး-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ နောက်တန်း- ရဲထက်အောင်၊ စည်သူမိုးခန့်၊ ကောင်းခန့်ကျော်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ အလယ်တန်း-ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ရဲမင်းကျော်၊ ရှေ့တန်း- စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ သြဘာခ တို့ပါဝင်ကြသည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲကို မေ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဟောင်ကောင်၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁၉ ရက်တွင် အိမ်ရှင်ဟောင်ကောင်၊ မေ ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၂၂ ရက်တွင် စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အာဆီယံယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၅**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း စတင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့်ကို ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပမည်ဖြစ်ပြီး တတိယအဆင့်မှသာ သီးခြားကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)နှင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်)နှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ မဲခွဲရန် ဧပြီလက ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအပေါ် မူတည်၍ အုပ်စုခွဲဝေမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၄၆ နိုင်ငံအနက် အဆင့် ၃၅ မှ ၄၆ အထိ ရရှိသည့်အသင်းများမှာ ခြေစစ်ပွဲပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အဆင့် ၁ မှ ၃၄ နေရာအထိ ရရှိသည့် အသင်းများမှာ ခြေစစ်ပွဲ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အဆင့် ၂၆ နေရာတွင် ရှိသောကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲမှ စတင်ကစားရမည်ဖြစ်ပြီး အုပ်စုမဲခွဲပွဲကို မေ ၁၇ ရက်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲပထမအဆင့်ကို ဇွန် ၆၊ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့် ခြေစစ်ပွဲကို စက်တင်ဘာတွင် စတင်ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲကို စက်တင်ဘာ ၅၊ ၁၀ ရက်၊ အောက်တိုဘာ ၁၀၊ ၁၅ ရက်၊ နိုဝင်ဘာ ၁၄၊ ၁၉ ရက်၊ ၂၀၂၀ ပြည့်နှစ် မတ် ၂၆၊ ၃၁ ရက်၊ ဇွန် ၄၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲတွင် ပြီးခဲ့သည့် ၂၀၁၉ ပြိုင်ပွဲမှ ခြေစစ်ပွဲ တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်ပြီး တတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း အိန္ဒိယနှင့် ကာဂျစ္စတန်တို့ကို မကျော်ဖြတ်နိုင်၍ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး နည်းပြချုပ်သစ် မှာလည်း ဧပြီလကုန်ပိုင်းမှသာ ခန့်အပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် မတ်လက နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ကစားရာ တရုတ် (တိုင်ပေ)နှင့် ဂိုးမရှိ သရေကျပြီး အင်ဒိုနီးရှား အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**လီဗာပူး အမှတ်ပေးဇယား ဦးဆောင်လျက်ရှိ**

မေ ၁၅ ရက်ညပိုင်းက ပရီမီယာလိဂ် ပွဲစဉ် ၃၄ အဖြစ် ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီး၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက ပဲလေ့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ လီဗာပူးအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ် ၃၄ ပွဲကစားပြီးချိန်၌ ရမှတ် ၈၅ မှတ်ဖြင့် အမှတ်ပေးဇယားတွင် အဆင့် ၁ နေရာ၌ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

**မန်ယူအသင်း လိုင်ယွန်အသင်းမှ ဒမ်ဘီလီအား စိတ်ဝင်စားနေ**

မန်ယူအသင်းသည် လိုင်ယွန်အသင်းမှ ဆဲလ်တစ်တိုက်စစ်ကစားသမားဟောင်း ဒမ်ဘီလီ (၂၂နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာတွင် ဖော်ပြထားသည်။ အဆိုပါ ပြင်သစ်ကစားသမားသည် ယခုနှစ်ရာသီတွင် ၁၈ ဂိုးသွင်းယူထားကြောင်း သိရသည်။

**အာဆင်နယ်အသင်း အယ်လ်ဒါဝီရယ်အား ခေါ်ယူလိုနေ**

အာဆင်နယ်အသင်းသည် တော့တင်ဟမ်အသင်းမှ ဘယ်လ်ဂျီယံခံစစ်ကစားသမား အယ်လ်ဒါဝီရယ် (၃၀နှစ်) အား ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မန်ယူအသင်း အဲရစ်ဆင်အား ခေါ်ယူရန် ပေါင် ၉၅ သန်း ပေးချေရဖွယ်ရှိ**

မန်ယူအသင်းသည် တော့တင်ဟမ်ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၇နှစ်) အား ခေါ်ယူရန်အတွက် ပေါင် ၉၅ သန်း ပေးချေရဖွယ်ရှိကြောင်း၊ အဆိုပါ ဒိန်းမတ်ကစားသမားမှာ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တီမိုဝါနာသည် လိုက်ဇစ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမည်မဟုတ်**

လီဗာပူးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော တီမိုဝါနာ (၂၃နှစ်)သည် လိုက်ဇစ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုမှာမဟုတ်ကြောင်း၊ အဆိုပါ ဂျာမနီကစားသမားသည် လာမည့်ရာသီအကုန်တွင် လိုက်ဇစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကြောင်းလည်း သိရသည်။ **အောင်ဇော်**



❍ *ကျောဖုံးမှ*

ဒီပွဲမှာ ရလဒ်ကောင်းတစ်ခုရယူနိုင်ဖို့ လိုပါတယ်။ ပြိုင်ဘက်အသင်းက ကျွန်တော်တို့ထက် ခြေစွမ်းမြင့်တဲ့ အသင်းဖြစ်ပြီး အရည်အသွေးရှိတဲ့ ကစားသမားတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အသင်း ရလဒ်ကောင်းအောင် ပြင်ဆင်ထားပါတယ်" ဟု ပြောကြားသည်။ ရှမ်းယူနိုက်တက် အသင်းသည် AFC Cup ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ ရာသီပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သလို ယခုရာသီတွင်လည်း နိုင်ပွဲမရသေးပေ။

ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်တွင် ရလဒ်ကောင်းနေသော်လည်း AFC Cup ပြိုင်ပွဲတွင် ရုန်းကန်နေရပြီး ပထမအကျော့တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို အဝေးကွင်းတွင် သုံးဂိုး - နှစ်ဂိုး၊ အင်ဒိုနီးရှားကလပ် ပါဆီဂျာ အသင်းကို အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုး၊ ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်**

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၄-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - "ဂုဏ်တော်ကိုးပါးပြည့်စုံသော ရွှေကြုတ်ဖွင့်စေတီ(ခေါ်) ရွှေဘုန်းပွင့်စေတီတော်"
၈း၃၅ ခါသကြန်အဆို၊ အကများ
၉း၁၀ - ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကထိက ဗဟုဇနဟိတဓရ)သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါသထသီလခံယူဆောက်တည်ခြင်း
၁၀း၀၀ - ၁၃၈၀ပြည့်နှစ်၊ နေပြည်တော်သင်္ကြန်မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀း၃၀ - ၁၃၈၀ပြည့်နှစ်၊ ဘားအံသင်္ကြန်မြင်ကွင်းထုတ်လွှင့်မှုအစီအစဉ်
၁၀း၄၀ - ၁၃၈၀ပြည့်နှစ်၊ မော်လမြိုင်သင်္ကြန်မြင်ကွင်းထုတ်လွှင့်မှုအစီအစဉ်
၁၁း၀၀ - ၁၃၈၀ပြည့်နှစ်၊ မြစ်ကြီးနားသင်္ကြန်မြင်ကွင်း ထုတ်လွှင့်မှုအစီအစဉ်
၁၁း၂၀ - ၁၃၈၀ပြည့်နှစ်၊မန္တလေးသင်္ကြန်မြင်ကွင်းထုတ်လွှင့်မှုအစီအစဉ်
၁၁း၃၅ - ၁၃၈၀ပြည့်နှစ်၊ ရန်ကုန်သင်္ကြန်မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၂း၃၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်သူကြင်သူ မြတ်နိုးသူ" ဝင်းဦး၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ- ဝင်းဦး)

**ညပိုင်း**

၁၆း၀၀ - ၁၃၈၀ပြည့်နှစ်၊ မန္တလေးသင်္ကြန်မြင်ကွင်းတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၆း၄၀ - ၁၃၈၀ပြည့်နှစ်၊ ပုသိမ်သင်္ကြန်မြင်ကွင်းထုတ်လွှင့်မှုအစီအစဉ်
၁၇း၀၀ - ၁၃၈၀ပြည့်နှစ်၊ ချင်းတွင်း (မုံရွာ) သင်္ကြန်မြင်ကွင်းထုတ်လွှင့်မှုအစီအစဉ်
၁၇း၁၀ - ၁၃၈၀ပြည့်နှစ်၊ ရန်ကုန်မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၇း၃၅ - ၁၃၈၀ပြည့်နှစ်၊ နေပြည်တော်မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၈း၀၀ - ၁၃၈၀ပြည့်နှစ်၊မန္တလေးသင်္ကြန်ပိတ်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "မြန်မာ့ရိုးရာအတာသင်္ကြန်" (အတက်နေ့)
- ဆေးရောင်စုံရုပ်ရှင် "ကောင်းချစ်တဲ့မမ" (ဇာတ်သိမ်း)

# ဆိပ်ဖြူ-ဆောကားလမ်း၌ ယာဉ်တိမ်းမှောက်ကာ ငါးဦးသေ၊ ၄၂ ဦးဒဏ်ရာရ

**ဆော ဧပြီ ၁၅**

ဆိပ်ဖြူ- ဆော ကားလမ်း ဆောမြို့နယ် ပြုံရွာ (ရွာဟောင်း) အနီး မိုင်တိုင်အမှတ် ၅၅/ ၁ နှင့် ၅၅/ ၂ အကြားတွင် ဧပြီ ၁၄ ရက် ည ၉ နာရီခန့်က မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သဖြင့် ငါးဦးသေဆုံးပြီး ၄၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဝင်းညွှန့် မောင်းနှင်သည့် ယာဉ်အမှတ် ၃၄/ ------ ခြောက်ဘီးယာဉ်သည် ခရီးသည် ၄၇ ဦးအား တင်ဆောင်မောင်းနှင်စဉ် ချောက်ထဲသို့ တိမ်းမှောက်ရာမှ ယာဉ်ပေါ်ပါလာသူငါးဦးသေဆုံးပြီး ၄၂ ဦးတို့ ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ခရီးသည်များမှာ ဆိပ်ဖြူမြို့နယ် ဖလံမကျေးရွာမှ သင်္ကြန်အခါ၌ သိန်းကျင်းရွှေတန်ဆာစေတီတော် ဘုရားပွဲသို့ ဘုရားဖူးသွားရောက်ကြသူများ ဖြစ်ပြီး မော်တော်ယာဉ်တိမ်းမှောက်ရာသို့ ဆောမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ဝင်းဦးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ဌေးလင်းဦးနှင့် အဖွဲ့၊ သီရိရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညီညီညွန့်နှင့်အဖွဲ့က လိုအပ်သည်များ ကူညီပေးကြသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ဝင်းညွှန့်အပေါ် ဆောမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ယာဉ်တိမ်းမှောက်မှုကြောင့် ပျက်စီးသွားသောယာဉ်ကို တွေ့ရစဉ်။

# မန္တလေးမြို့၌ ရေကစားသူတစ်ဦးက ရောင်စုံမီးပန်းအား လက်ဖြင့်ဝှေ့ယမ်းသည်ကို လက်ပစ်ဗုံးကွဲသည်ဟု ထင်ယောင်ထင်မှားဖြစ်ပြီး ရေကစားသူအချို့အထိတ်တလန့်ဖြစ်ခဲ့

**နေပြည်တော် ဧပြီ ၁၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရေကစားမဏ္ဍပ်တစ်ခု၌ ယနေ့နံနက်ပိုင်းက ရေကစားသူတစ်ဦးက ရောင်စုံမီးပန်းအားလက်ဖြင့် ဝှေ့ယမ်းသည်ကို လက်ပစ်ဗုံးကွဲသည်ဟု ထင်ယောင်ထင်မှားဖြစ်ပေါ်ပြီး ရေကစားသူအချို့အထိတ်တလန့်ဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းအေးသာစံမြို့နယ် ၂၆ × ၇၀ လမ်းမပေါ်ရှိ ပေါ်ဦး ရေကစားမဏ္ဍပ်တွင် နံနက် ၁၁ နာရီခွဲခန့်က ချမ်းမြသာစည်မြို့နယ်နေ မသဇင်မြင့်က အွန်လိုင်းမှတစ်ဆင့် ဝယ်ယူထားသော မီးခိုးရောင် အရှည်ခြောက်လက်မခန့်၊ လုံးပတ်တစ်လက်မခန့်ရှိ ရောင်စုံအခိုးအငွေ့များထွက်သည့် မီးပန်းအား ရေကစားရင်းလက်မှကိုင်၍ ဝှေ့ယမ်းသည်ကို လက်ပစ်ဗုံးကွဲသည်ဟု ထင်ယောင်ထင်မှားဖြင့် အဆိုပါ ရေကစားမဏ္ဍပ်မှ ရေကစားသူအချို့ အထိတ်တလန့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**




ရောင်စုံမီးခိုးငွေ့များထွက်သည့် မီးပန်းကို တွေ့ရစဉ်။

# မိတ္ထီလာမြို့၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှ ဈေးဆိုင်မီးလောင်မှုဖြစ်

**မိတ္ထီလာ ဧပြီ ၁၅**

မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှ ယနေ့နံနက် ၃ နာရီက ဈေးဆိုင်မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်သာယာတောင်ရပ်ကွက် ၅ လမ်းထိပ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဒေါ်ခင်ဇော်ထွေး၏ ကွမ်းယာဆိုင်အတွင်း သွယ်တန်းထားသည့် ဝိုင်ယာကြိုးအပူလွန်ကဲရာမှ ဈေးဆိုင်မီးလောင်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီးတို့ဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ကွမ်းယာဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ပိုင်ရှင် ဒေါ်ခင်ဇော်ထွေးအားအမှတ်(၃)နယ်မြေ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



မီးလောင်မှုဖြစ်သည့်ကွမ်းယာဆိုင် အဆောက်အအုံကို တွေ့ရစဉ်။

# တာချီလိတ်၌ ယာဉ်တစ်စီးတိမ်းမှောက်၍ တစ်ဦးသေ၊ ၁၁ ဦးဒဏ်ရာရ

**တာချီလိတ် ဧပြီ ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့သို့ သင်္ကြန်လာရောက်လည်ပတ်သော ခရီးသည်တင်ယာဉ်တစ်စီး ဧပြီ ၁၄ ရက်မွန်းလွဲပိုင်းက တာလေမြို့မှ တာချီလိတ်မြို့အထွက်လမ်းတွင် အရှိန်လွန်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံးပြီး၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ တာလေမြို့မှယာဉ်မောင်း စန်းဝင်း မောင်းနှင်သော ခရီးသည်တင်ယာဉ် 5L / ----- သည် တာလေမြို့မှအထွက် နားယောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကျော်စိန်ဆိုသူမှာ နေရာတွင်ပင်သေဆုံးသွားပြီး ကျန်ခရီးသည် ၁၁ ဦး ဒဏ်ရာများရရှိကာ ဒဏ်ရာရရှိသူများအနက် ဦးဘောဒါကြီးဆိုသူမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ သို့ဖြစ်၍ ယာဉ်မောင်း စန်းဝင်းအား တာလေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငဖဲမြို့နယ်တွင် တောမီးလောင်ရာမှ သုံးဦးသေ၊ တစ်ဦးဒဏ်ရာရ

**ငဖဲ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသ လိုင်ကျေးရွာတွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီခန့်က မန်းချောင်းဘက်မှ ကူးစက်လာသည့်တောမီးကို လိုင်ကျေးရွာအုပ်စုအတွင်းသို့ တောမီးမဝင်ရောက်နိုင်ရေးအတွက် တစ်အိမ်တစ်ယောက်နှုန်းဖြင့် လူပေါင်း ၁၂၀ ခန့်မှ သွားရောက်တားဆီးခဲ့ကြရာမှ လိုင်ကျေးရွာနေသူများ ဖြစ်ကြသည့် ဦးမုန်စံ (၅၈ နှစ်)၊ ဦးမုန်စိန် (၃၅နှစ်)နှင့် ဦးဟန်မောင် (၂၃ နှစ်)တို့မှာ မီးလောင်သေဆုံးခဲ့ပြီး ဦးပိန်(၃၃ နှစ်)တွင် မီးလောင်ဒဏ်ရာများရရှိသဖြင့် ပဒါန်းတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါ တောမီးလောင်ရာသို့ ဂုတ်ကြီးကျေးရွာ၊ နောင်ကျေးရွာနှင့် ပဇီ ကျေးရွာများမှကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသဖြင့် မီးထိန်းနိုင်ပြီဖြစ်ကြောင်းနှင့် မီးလောင်သေဆုံးမှုနှင့်ပတ်သက်၍ ငဖဲမြို့နယ် ဂုတ်ကြီးရဲကင်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ငဖဲ(ပြန်/ဆက်)**

# အတ္တရံမြစ်အတွင်း လူသေအလောင်း တွေ့ရှိ

**ကျိုက်မရော ဧပြီ ၁၅**

ကျိုက်မရောမြို့နယ်တွင် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့နံနက်ပိုင်းက အတ္တရံမြစ်အတွင်း မျောပါနေသောလူသေအလောင်းတစ်လောင်းကို အတ္တရံမြစ်ကမ်းပါးအနီးနေထိုင်သောကလေးများကတွေ့ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများသို့ အကြောင်းကြားခဲ့သည်။

အဆိုပါအလောင်းအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျိုက်မရောလူငယ်ပရဟိတလူမှုကယ်ဆယ်ရေးအဖွဲ့များက ဆယ်ယူစစ်ဆေးခဲ့ရာ အဆိုပါအလောင်းမှာ မုဒုံမြို့နယ် တာပသွန်ကျေးရွာနေသူ ဒေါ်မြင့်အေး (၄၉ နှစ်) ဖြစ်ကြောင်းသိရသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြင်ဦးလွင်၊ ပင်လောင်း၊ တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၅**

ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၃ ရက် ည ၁၀ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ မန္တလေး- လားရှိုးကားလမ်း၊ ဘုရားကြီးလမ်းဆုံတွင် ထွန်းထွန်းအောင်(ခ)ဖိုးသား(ခ)မိုဟာမက်ကဗိ မောင်းနှင်ပြီး စူတူး(ခ)ဝင်းနိုင်နှင့် အောင်ဖြိုးသူ(ခ) နောင်နောင်(ခ)နော်နော်တို့လိုက်ပါလာသော မတ်တူးအမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ နှင့်လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၁၄ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ခေါ်ပူကျေးရွာနေ ခွန်မောင်ဌေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၀ ကိုလည်းကောင်း။

ထို့အတူ ဧပြီ ၁၃ ရက် ညပိုင်းက တပ်မတော်မှ တာချီလိတ်မြို့နယ် တာလေ- ကျိုင်းလပ်သွား ကားလမ်းမ နန်ဟတံတားအနီးတွင် မြင့်အောင်(ခ)အိုက်ဆမ်ကျော က် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ Austrua Glock တံဆိပ်ပါ ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၃တောင့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၆ ပြားသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ခရီးသွားများကိုဆွဲဆောင်မည့် ကမ္ဘာလှည့်ခရီးသွားစီမံချက်တစ်ရပ် မက္ကဆီကို၌ ဆောင်ရွက်သွားမည်

**မက္ကဆီကိုစီးတီး ဧပြီ ၁၅**
တရုတ်ခရီးသွားများ လာရောက်လည်ပတ်မှု ပိုမိုများပြားလာစေရန် ဆွဲဆောင်မည့် Knocking The Door အမည်ရှိ ကမ္ဘာလှည့်ခရီးသွား စီမံချက်တစ်ရပ်ကို မက္ကဆီကိုနိုင်ငံ၌ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း မက္ကဆီကိုခရီးသွားဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ယင်းစီမံချက်အရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဈေးကွက် အကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံကဲ့သို့ နိုင်ငံများကို အဓိကပစ်မှတ်ထားကာ မက္ကဆီကိုနိုင်ငံအတွင်းရှိ အထင်ကရနေရာများကို ပိုမိုသာယာလှပကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဟု မက္ကဆီကို ကမ္ဘာလှည့်ခရီးသွားဝန်ကြီး မီဂွယ်လ်တော်ရူကိုက ပြောကြားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှတစ်ဆင့် မက္ကဆီကိုအတွက် နိုင်ငံခြားဝင်ငွေ အများဆုံးရရှိအောင် ရှာဖွေပေးနိုင်သည့် နိုင်ငံ ၁၅ နိုင်ငံရှိကြောင်း ၎င်းကပြောသည်။မက္ကဆီကိုအရှေ့တောင်ပိုင်းရှိ ယူကာတန်၊ ကမ်ပီချီ၊ ချီးယာ့ပါ့စ်နှင့် အောဆောကာ ကဲ့သို့ ရှေးဟောင်းသုတေသနဒေသများ၊ သစ်တောများနှင့် ကိုလိုနီခေတ်မြို့များသို့ တရုတ်ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လေ့ရှိကြောင်း ကမ္ဘာလှည့်ခရီးသွားဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်လာရောက်မှု ၁၃၅၀၀၀ ရှိပြီး ၂၀၁၇ ခုနှစ်ကထက် ၃၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။ ၂၀၁၉ ခုနှစ် တွင် နိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည် စုစုပေါင်း ၄၄ ဒသမ ၈ သန်းအထိ လာရောက်လည်ပတ်ကာ ယခင်နှစ်ကထက် ၅ ဒသမ ၆ရာခိုင်နှုန်း တိုးတက်လာရန် မျှော်မှန်းထားသည်။

**ဆင်ဟွာ**

# မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇာတ်အမှုကို ဆက်လက်ကြားနာစစ်ဆေး

**ကွာလာလမ်ပူ ဧပြီ ၁၅**
ရာထူးမှဖယ်ရှားခံခဲ့ရသည့် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇာတ်ကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်ဖြင့် ဧပြီ ၁၅ ရက်တွင် တရားရုံး၌ နှစ်ရက် မြောက်ကြားနာစစ်ဆေးမှု ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းသည် နိုင်ငံပိုင် 1MDB ကုမ္ပဏီမှ ငွေကြေး အမြောက်အမြားကို အလွဲသုံးစားပြုလုပ်ခဲ့မှုဖြင့် တရားရင်ဆိုင်ရလျက်ရှိသည်။

အသက် ၆၅ နှစ်ရှိပြီဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇာတ်နှင့် ၎င်း၏အပေါင်းအပါ စီးပွားရေးလုပ်ငန်းရှင် တစ်စုတို့က 1MDB ကုမ္ပဏီမှ ဒေါ်လာဘီလီယံပေါင်းများစွာကို ခိုးယူခဲ့ပြီး ထိုငွေကြေးများကို ဇိမ်ခံရွက်လှေများနှင့် လက်မှုပစ္စည်းများ ဝယ်ယူခဲ့မှုတို့ဖြင့် တရားစွဲဆိုထားသည်။ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များကြောင့် နာဂျစ်နှင့် ၎င်း၏ မဟာမိတ်များကို ပြီးခဲ့သည့်နှစ် သမိုင်းဝင်ရွေးကောက်ပွဲတွင် မဲပေးသူများက ရာထူးမှဖြုတ်ချသည့် အခြေအနေကို ပေါ်ပေါက်စေခဲ့သည်။



အကျင့်ပျက်ခြစားမှုဖြင့် တရားရင်ဆိုင်နေရသည့် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇာတ်။

ထိုသို့ ဖြစ်ပွားခဲ့ပြီးနောက်တွင် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇာတ် အဖမ်းခံခဲ့ရပြီး အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များစွာကို ရင်ဆိုင်ခဲ့ရသည်။ ၎င်း၏အမှုအား ကြားနာစစ်ဆေးမှုကို ဧပြီ ၁၃ ရက်တွင် စတင်ခဲ့ပြီး နာဂျစ်က 1MDB လက်အောက်ခံ စွမ်းအင်ကုမ္ပဏီဖြစ်သည့် SRC International မှ မလေးရှားငွေကြေး ရင်းဂစ် ၄၂ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ သန်း) ကို ခိုးယူခဲ့ခြင်းမရှိကြောင်း ငြင်းဆန်ခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျူလီယန်အက်ဆန်း၏ ခိုလှုံခွင့်ကိုရုပ်သိမ်းရသည့်အကြောင်း အီကွေဒေါသမ္မတ တုံ့ပြန်ပြောဆို

**လန်ဒန် ဧပြီ ၁၅**
အီကွေဒေါ သမ္မတ လီနင်မိုရီနိုက ဂျူလီယန်အက်ဆန်းအပေါ် ပေးထားသည့် ခိုလှုံခွင့်ကို ရုပ်သိမ်းလိုက်ရန် ဆုံးဖြတ်လိုက်ရသည့်အကြောင်းကို တနင်္ဂနွေနေ့က ရှင်းလင်းပြောကြားခဲ့သည်။ ဂါဒီယန်သတင်းစာနှင့် အင်တာဗျူးတွင် အီကွေဒေါ သမ္မတက ဝီကီလိခ်ဝက်ဘ်ဆိုက်တည်ထောင်သူ အက်ဆန်းမှာ လန်ဒန်မြို့ရှိ အီကွေဒေါသံရုံးတွင် စပိုင်စင်တာတစ်ခု တည်ထောင်ရန် ကြိုးစားခဲ့သည့်အတွက် ခိုလှုံခွင့်ပေးထားသည်ကို ရုပ်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အိမ်အတွင်းမှာ စပိုင်စင်တာတစ်ခု တည်ထောင်တာမျိုးကို ကျွန်တော်ခွင့်မပြုနိုင်ပါဘူး။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ဟာ တစ်ဖက်သတ်မဆန်ပါဘူး။ အပြည်ပြည်ဆိုင်ရာဥပဒေတွေကို အခြေခံပြီး ခိုလှုံခွင့်ကိုရုပ်သိမ်းလိုက်ရတာပါ"ဟု ပြန်လည်ချေပ ပြောဆိုခဲ့သည်။

ဝီကီလိခ်ဝက်ဘ်ဆိုက်တည်ထောင်သူမှာ ယခုအခါ လန်ဒန်မြို့တွင် အချုပ်ကျခံနေရပြီး ၂၀၁၂ ခုနှစ်က အာမခံမှုကိုချိုးဖောက်ပြီး အီကွေဒေါသံရုံးတွင် ခိုလှုံခွင့်တောင်းခံခဲ့သည့်အတွက် ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးကို စောင့်ဆိုင်းနေရပြီဖြစ်သည်။

ဆွီဒင်နိုင်ငံသို့ ၎င်းကို လွှဲပြောင်းပေးခံရမည်ကိုရှောင်ရှားလိုသောကြောင့် အီကွေဒေါသံရုံးတွင် ခိုလှုံခွင့်တောင်းခံခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၃ ရက်ကလည်း အက်ဆန်း၏ရှေ့နေက အကယ်၍ ဆွီဒင်အာဏာပိုင်များက အဓမ္မမှုစွပ်စွဲချက်ဖြင့် ပြန်လည်တရားစွဲခဲ့ပါက ၎င်း၏အမှုသည်သည် ဆွီဒင်အာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်သို့ လွှဲပြောင်းပေးမည်ဆိုပါက ခုခံချေပမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဘိုကိုဟာရမ် စစ်သွေးကြွ ၂၇ ဦးကို သုတ်သင်နိုင်ဟု နိုင်ဂျီးရီးယားပြော

**အဘူဂျာ ဧပြီ ၁၅**
ဘိုကိုဟာရမ် စစ်သွေးကြွများကို နိုင်ဂျီးရီးယား၊ ကင်မရွန်းနယ်စပ် တစ်လျှောက် နောက်ဆုံးပြုလုပ်ခဲ့သည့် နယ်မြေရှင်းလင်းရေးတွင် သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားတပ်ဖွဲ့က ဧပြီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများ ပိုင်ဆိုင်သည့် လက်နက်ကြီးငယ်တို့ကို နိုင်ဂျီးရီးယားနှင့် ကင်မရွန်းတပ်ဖွဲ့တို့က ပူးတွဲစစ်ဆင်ရေးအတွင်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆာဂီရာမူဆာက ၎င်းတို့ တပ်ဖွဲ့သည် နိုင်ဂျီးရီးယားဘက်ခြမ်းရှိ ဝူဂို၊ တွန်ဘူမာ၊ ချီကန်ဂူဒူ၊ ဘူကာမာရန်ရွာတို့တွင် အကြမ်းဖက်သမားများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ရကြောင်း ပြောသည်။ နိုင်ဂျီးရီးယားနှင့် ကင်မရွန်းတပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံးမှုမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံတွင် ရေကြီးမှုကြောင့် ၇၆ ဦးထက်မနည်း သေဆုံး

**တီဟီရန် ဧပြီ ၁၅**
မကြာသေးမီက အီရန်နိုင်ငံ၏ နေရာအစိတ်အပိုင်း အတော်များများတွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၇၆ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ပရက်စ်တီဗွီသတင်းဌာနတွင် ဖော်ပြထားသည်။ နိုင်ငံမြောက်ပိုင်း၊ အနောက်ပိုင်း၊ အနောက်တောင်ပိုင်းတွင် ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။

တိုင်းပြည်၏ နေရာအတော်များများတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း အီရန်အရာရှိများက သတိပေးထားသည်။ ပြည်နယ်အချို့မှာ ရေဘေးသတိပေးမှုအောက်တွင် ရှိနေဆဲဖြစ်ပြီး နောက်ထပ် မိုးသည်းထန်စွာ ရွာသွန်းမှုထပ်မံဖြစ်ပေါ်နိုင်သေးကြောင်း ခန့်မှန်းထားသည်။

အီရန်မိုးလေဝသဌာနမှ အရာရှိတစ်ဦးဖြစ်သည့် အဟက်ဗာဇီဖက်က တောင်ပိုင်းပြည်နယ်များဖြစ်သည့် ဖားစ်နှင့် ဟိုမိုဇ်ဂန်၊ စစ္စတန်နှင့် ဘလူချစ်စတန်တို့တွင် ရေလွှမ်းမိုးမှုများ ခံရနိုင်ကြောင်း၊ အရှေ့မြောက်ပိုင်းပြည်နယ်များဖြစ်သည့် ခိုရာဆန်ရာဇာဗီတို့တွင် အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။

အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် ကော့ဇာစတန်တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ မတ် ၉ ရက်မှစကာ အီရန်နိုင်ငံရှိ ပြည်နယ်ပေါင်း ၃၁ ပြည်နယ်တွင် ၂၅ ပြည်နယ်မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့ခြင်း၊ ကားများ ပျက်စီးသွားခြင်းနှင့် လယ်ယာမြေများ ပျက်စီးသွားခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးသွားခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ဧပြီ ၁၃ ရက်က ကော့ဇာစတန်ပြည်နယ်တွင် ရေလွှမ်းမိုးမှုအခြေအနေကို တွေ့ရစဉ်။

# ဆူဒန်နိုင်ငံရေးအပြောင်းအလဲ

**ကလျာမိုးမြင့်**

ဆူဒန်နိုင်ငံမှာ စစ်တပ်က အာဏာသိမ်းလိုက်ပြီးနောက် အုပ်ချုပ်ရေးအာဏာကို အရပ်သားအစိုးရလက်ထဲ ချက်ချင်းလွှဲပြောင်းပေးဖို့ ဆန္ဒပြပြည်သူတွေက တောင်းဆိုလျက်ရှိနေပါတယ်။ အနှစ်သုံးဆယ်ကြာအောင် အုပ်ချုပ်လာခဲ့တဲ့ ခေါင်းဆောင် အိုမာ အယ်လ်ဘာရှာကို စစ်တပ်ကဖြုတ်ချ အာဏာသိမ်းလိုက်ပြီးနောက်မှာ ဆန္ဒပြသူတွေက စုဝေးချီတက်မှု လုပ်ဆောင်တာတွေကို ရပ်တန့်ဖို့ တိုက်တွန်းတာတွေကို မနာခံခဲ့ပါဘူး။ ပြီးတော့ အရပ်သားအစိုးရကို ပြန်လည်အုပ်ချုပ်စေဖို့ တောင်းဆိုနေပါတယ်။

## လွှဲပြောင်းပေးဖို့တောင်းဆို

ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဆူဒန်ခေါင်းဆောင် ဘာရှာကို ဖြုတ်ချလိုက်ပြီး အာဏာသိမ်းလိုက်တဲ့ စစ်ဘက်ကောင်စီကို ဆက်လက်ပြီး ဖိအားပေးဖို့အတွက် ဆန္ဒပြသူ ထောင်ပေါင်းများစွာတို့ဟာ ခါတွန်မြို့ ကာကွယ်ရေးဝန်ကြီးရုံး အပြင်ဘက်မှာ ဆက်လက်စခန်းချ စောင့်ဆိုင်းနေကြပါတယ်။ ဘာရှာကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့တဲ့ ဆူဒန်ပရော်ဖက်ရှင်နယ် အဖွဲ့အစည်းက အာဏာကိုအရပ်သား အစိုးရလက်ထဲ အမြန်ဆုံးလွှဲပြောင်းပေးဖို့ ကောင်စီကို တောင်းဆိုနေတာ ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်မှာစစ်အာဏာသိမ်းမှုကို ခေါင်းဆောင်ခဲ့ပြီး သမ္မတအဖြစ် လေးကြိမ်ဆက်တိုက် တာဝန်ယူခဲ့သူ၊ အနှစ် ၃၀ အာဏာစွဲကိုင်ခဲ့သူ အာမက် အယ်လ် ဘာရှာကို သမ္မတရာထူးကနေ ဖြုတ်ချပြီး စစ်တပ်က အာဏာသိမ်းလိုက်တာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုနဲ့အတူ အစိုးရထိပ်တန်းခေါင်းဆောင်အချို့ကိုလည်း ထိန်းသိမ်းထားပါတယ်။ သမ္မတဟောင်း အယ်လ်ဘာရှာ ဘယ်မှာရှိနေသလဲ ဆိုတာကိုတော့ မသိရှိရသေးပါဘူး။ ၎င်းရဲ့ အာဏာစွဲကိုင်ထားမှုအပေါ် လူထုက မကျေမနပ်ဖြစ်ပြီး ရာထူးကဆင်းပေးဖို့ ဆန္ဒပြခဲ့ကြတာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကတည်းကဖြစ်ပြီး ဆန္ဒပြသူတွေ ဖမ်းဆီးခံခဲ့ရပါတယ်။

## တုံ့ပြန်ဖြေကြားခြင်းမရှိ

SPA အဖွဲ့က နောက်ထပ်အစိုးရ အပြောင်းအလဲတစ်ရပ်ကို တောင်းဆိုနေပြီး တပ်မတော်အနေနဲ့ ဘာရှာနဲ့ နိုင်ငံတော် ထောက်လှမ်းရေးနဲ့ လုံခြုံရေးအဖွဲ့က အကြီးအကဲတွေအတွက် တရားမျှတအောင်လုပ်ပေးဖို့ကိုလည်း တောင်းဆိုနေပါတယ်။ SPAအဖွဲ့ဟာ တောင်းဆိုချက်တွေ မပြည့်မြောက်မချင်း ထိုင်ရာကနေမထဘဲ ဆက်လက်ဆန္ဒပြကြဖို့ ၎င်းကိုထောက်ခံသူတွေကို တိုက်တွန်းလျက်ရှိတယ်လို့ သိရပါတယ်။ စစ်ဘက်ကောင်စီဟာ နောက်ပိုင်းမှာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပေမယ့် ကောင်စီပြောရေးဆိုခွင့်ရှိသူက ဆန္ဒပြသူတွေ နောက်ဆုံးတောင်းဆိုခဲ့တဲ့ အချက်တွေကို တုံ့ပြန်ဖြေကြားခြင်းမရှိခဲ့ပါဘူး။ အဲဒီအစား ထောက်လှမ်းရေးအကြီးအကဲ အသစ် ခန့်အပ်လိုက်ကြောင်းကိုသာ ကြေညာခဲ့ပါတယ်။

အစောပိုင်းမှာတုန်းက စစ်ဘက်ကောင်စီဟာ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံခဲ့ပြီးတော့ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ဖို့ လွတ်လပ်တဲ့ ပုံစံတစ်ခုကို သဘောတူလက်ခံဖို့ တိုက်တွန်းခဲ့ပါတယ်။ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ ဒီမိုကရေစီစနစ်ကို အခြေပြုတဲ့ အရပ်သားနိုင်ငံတစ်ခု ထူထောင်ဖို့ လိုလားတယ်လို့ ကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး ယာဆာအယ်လ်အတာက နိုင်ငံရေးပါတီအချို့ကို ပြောခဲ့ပါတယ်။

## ကောင်စီကိုထောက်ခံဖို့ တိုက်တွန်း

ဆန္ဒပြသူတွေကတော့ အရပ်သားကိုယ်စားလှယ်တွေဟာ စစ်ဘက်ကောင်စီနဲ့ မဖြစ်မနေပူးပေါင်းရမှာ ဖြစ်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ စနေနေ့ နေ့ခင်းပိုင်းမှာ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၀ ဦးပါတဲ့အဖွဲ့ဟာ ကောင်စီနဲ့ ဆွေးနွေးခဲ့စဉ်အတွင်းမှာ ၎င်းတို့ရဲ့လိုလားချက်တွေကို ဖော်ပြခဲ့ကြပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ဆူဒန်ရဲ့ဒီမိုကရေစီနည်းကျတဲ့ အပြောင်းအလဲ ပန်းတိုင်တစ်ရပ်ကို ရောက်ရှိစေဖို့ စစ်ဘက်ကောင်စီကို ထောက်ခံကြဖို့ တိုက်တွန်းခဲ့ပါတယ်။

## ကောင်စီအကြီးအကဲ ကတိပြု

ကောင်စီအကြီးအကဲ ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်လ် ဖာတက်အယ်လ် ဘာဟန်က ပြီးပြည့်စုံတဲ့ အရပ်သားအစိုးရတစ်ရပ်ဖြစ်လာစေရမယ်လို့ ကတိပြုထားတာဖြစ်ပြီး ကောင်စီရဲ့ အခန်းကဏ္ဍဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကြပ်မတ်နိုင်လိမ့်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုပါတယ်။ ခါတွန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး စတီဗင် ကောက်စစ်နဲ့ စစ်ဘက်ကောင်စီဒုတိယ အကြီးအကဲတို့အကြား တွေ့ဆုံမှုအပြီးမှာ ဆန္ဒပြ ခေါင်းဆောင်တွေနဲ့ ဆူဒန်ရဲ့ အုပ်ချုပ်သူ ခေါင်းဆောင်သစ်တွေအကြား ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

## ပြန်လွှတ်ပေးမည်

နိုင်ငံရဲ့လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ရေရှည်ဆက်လက်ထိန်းသိမ်းကာကွယ်ဖို့အတွက် စစ်ဘက်ကောင်စီက လုပ်ဆောင်လိုက်တာတွေနဲ့ပတ်သက်ပြီး စစ်ဘက်ကောင်စီ ဒုတိယအကြီးအကဲ မိုဟာမက်ဟမ်ဒန် ဒါဂလိုက ကောက်စစ်ကို ရှင်းပြခဲ့တာကို SUNA သတင်းအေဂျင်စီက ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က စစ်ဘက်ကောင်စီရဲ့ အကြီးအကဲသစ်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ဘာဟန်က ဘာရှာရဲ့အုပ်ချုပ်ရေးအဖွဲ့ကို ဖြုတ်ချဖို့နဲ့ ညမထွက်ရအမိန့် ရုပ်သိမ်းဖို့ အလေးပေးခဲ့ပါတယ်။ ဒါ့အပြင် ၎င်းက ဆန္ဒပြပြည်သူတွေကို သတ်ဖြတ်တဲ့ သက်ဆိုင်သူတစ်ဦးချင်းစီဟာ တရားရင်ဆိုင်ရမယ်၊ ပြီးတော့ သမ္မတဟောင်း ဘာရှာ ချမှတ်ခဲ့တဲ့ အရေးပေါ်ကာလအတွင်းမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရတဲ့ ဆန္ဒပြပြည်သူတွေကို လွှတ်ပေးမယ်လို့လည်း ကတိပေးခဲ့ပါတယ်။

## ပြည်သူတစ်ရပ်လုံး ကြိုးပမ်းဖို့လို

အမေရိကန်ပြည်ထောင်စု၊ ဘာရိန်းနဲ့ နော်ဝေနိုင်ငံတွေက ယခုအချိန်ဟာ ဆူဒန်နိုင်ငံရဲ့စစ်ဘက်အကြီးအကဲတွေနဲ့ တခြားနိုင်ငံရေးပါတီတွေ အရပ်သားအုပ်ချုပ်မှုစနစ်ဆီ ပြောင်းလဲရေးအတွက် ဆွေးနွေးပွဲတွေ အကြိတ်အနယ် ကျင်းပရမယ့်အချိန်အခါပဲဖြစ်တယ်လို့ ဆိုနေကြပါတယ်။ ဒီအပြောင်းအလဲတစ်ရပ်ဖြစ်အောင် ဆန္ဒပြခေါင်းဆောင်တွေ၊ နိုင်ငံရေး အတိုက်အခံအဖွဲ့တွေ၊ အရပ်သားလူမှုအဖွဲ့အစည်းတွေနဲ့ အမျိုးသမီးတွေအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေ အားလုံးက မြန်မြန်ဆန်ဆန်နဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသွားရမှာ ဖြစ်တယ်လို့ သုံးနိုင်ငံလုံးက သံရုံးတွေက ဖော်ပြကြပါတယ်။

## ထင်ဟပ်ဖော်ပြ

ထောင်ပေါင်းများစွာသော ပြည်သူလူထုဟာ ဧပြီ ၆ ရက်နေ့ကတည်းကစပြီး ကာကွယ်ရေးဝန်ကြီးရုံး အပြင်ဘက်မှာ မရပ်မနားစုဝေး ဆန္ဒပြနေခဲ့ကြပြီး မူလက သမ္မတဘာရှာကို ဖယ်ရှားရေး ၎င်းတို့ရဲ့ တောင်းဆိုမှုတွေကို ကျောထောက်နောက်ခံပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဘာဟန်ဟာ ဖြုတ်ချခံလိုက်ရတဲ့ သမ္မတဟောင်းရဲ့ ကာလကြာရှည်နီးကပ်တဲ့ လက်ထောက်တစ်ဦးဖြစ်တဲ့ ကာကွယ်ရေးဝန်ကြီးဟောင်း Ibn Ouf နဲ့စာရင် ပြည်သူတွေ မနှစ်မြို့လှတဲ့ ဘာရှာရဲ့ အုပ်ချုပ်မှုကနေ ဝန်သိပ်မပိဘဲလာခဲ့တဲ့သူ ဖြစ်ပါတယ်။ သို့ဖြစ်ပေမယ့်လည်း သမ္မတဟောင်း ဘာရှာနဲ့ ကာကွယ်ရေးဝန်ကြီးဟောင်းတို့ ဖယ်ရှားခံလိုက်ရပြီး နောက်မှာ အောင်ပွဲခံနေကြတဲ့ ပြည်သူတွေဟာ သတိကြီးစွာ ထားနေကြတုန်းပါပဲ။

## အကူအညီပေးမည်

ဒေသတွင်းမှာ အဓိကကျတဲ့ အင်အားကြီးနိုင်ငံတွေ ဖြစ်ကြတဲ့ ဆော်ဒီအာရေဗျနဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ကတော့ ကောင်စီကို အကူအညီပေးမယ်လို့ အသံထွက်နေပါတယ်။ ဘာဟန်ရဲ့ အဆိုပြုချက်တွေဟာဆိုရင် လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေနဲ့ပတ်သက်ပြီး ညီရင်းအစ်ကိုလို ချစ်ခင်ကြတဲ့ ဆူဒန်ပြည်သူတွေရဲ့ ရည်မှန်းချက်တွေကို ထင်ဟပ်ဖော်ပြနေတယ်လို့ ယူအေအီးရဲ့ သတင်းအေဂျင်စီ WAM က ဖော်ပြပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံကလည်း ဒီကိစ္စနဲ့ပတ်သက်လို့ အကူအညီတွေ အလုံးအရင်း ပေးအပ်သွားမယ်လို့ ကတိပေးထားကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြထားတာကို တွေ့ရပါတယ်။

ဆူဒန်ဟာ အာရပ်စော်ဘွားများ ပြည်ထောင်စုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆော်ဒီဦးဆောင်တဲ့ စစ်ဘက်မဟာမိတ်အဖွဲ့ဟာ ယီမင်မှာ အီရန် ကျောထောက်နောက်ခံ ပေးထားသော ဟူသီသူပုန်အဖွဲ့ကို တိုက်ခိုက်နေပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘီဘီစီ**



ဆူဒန်ပြည်သူများ ကာကွယ်ရေးဝန်ကြီးရုံးအပြင်ဘက်၌ ဆန္ဒပြနေစဉ်။

> **" ယခုအချိန်ဟာ ဆူဒန်နိုင်ငံရဲ့စစ်ဘက်အကြီးအကဲတွေနဲ့ တခြားနိုင်ငံရေးပါတီတွေ အရပ်သားအုပ်ချုပ်မှုစနစ်ဆီ ပြောင်းလဲရေးအတွက် ဆွေးနွေးပွဲတွေ အကြိတ်အနယ် ကျင်းပရမယ့် အချိန်အခါပဲဖြစ်တယ်လို့ ဆိုနေကြပါတယ် "**

# နိုင်ငံတကာသတင်းတိုထွာ

## ဆီးရီးယား၌ စစ်သွေးကြွများ ပစ်ခတ်လိုက်သည့် ဒုံးကျည်ကြောင့် ၁၁ ဦး သေဆုံး

**ဒမတ်စကတ် ဧပြီ ၁၅**

ဆီးရီးယားနိုင်ငံရှိ သမ္မတဘတ်ရှာအယ်လ် အာဆတ် ထိန်းချုပ်ထားသည့် အလက်ပိုမြို့တွင် ဂျီဟတ်စစ်သွေးကြွများ ပစ်ခတ်လိုက်သည့် ဒုံးကျည်များကြောင့် ၁၁ ဦးထက်မနည်း သေဆုံးသွားကြောင်း နိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။ အလက်ပိုမြို့သည် နိုင်ငံမြောက်ပိုင်းတွင် တည်ရှိပြီး အီဒလစ်ပြည်နယ်နှင့် ဘေးချင်းကပ်ဖြစ်သည်။ ၂၀၁၆ ခုနှစ်ကုန်တွင် အလက်ပိုမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ဂျီဟတ်စစ်သွေးကြွများနှင့် သူပုန်တိုက်ခိုက်ရေးအုပ်စုများက ယင်းမြို့ကို မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။

အကြမ်းဖက်အုပ်စုက ပစ်ခတ်လိုက်သည့် ဒုံးကျည်များကြောင့် သေဆုံးသူအရေအတွက် ၁၁ ဦးရှိပြီး အရပ်သား ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်အဖွဲ့က ဂျီဟတ်စစ်သွေးကြွအဖွဲ့သည် အလက်ပိုမြို့အိမ်နီးချင်းနယ်မြေအချို့ကို ဒုံးကျည်အစင်းပေါင်း ၂၀ ခန့် ပစ်ခတ်ခဲ့ကြောင်းနှင့် သေဆုံးသူများထဲတွင် ကလေးငယ်တစ်ဦးအပါအဝင် အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးတို့ပါဝင်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## မြောက်ကိုရီးယားခေါင်းဆောင်နှင့် ထိပ်သီးအစည်းအဝေးကျင်းပရေး လုပ်ဆောင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတပြော

**ဆိုးလ် ဧပြီ ၁၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် နောက်ထပ်ထိပ်သီးအစည်းအဝေးတစ်ခု ထပ်မံကျင်းပသွားနိုင်ရေးအတွက် အားတက်သရော ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက ဧပြီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတမွန်ဂျယ်အင်းသည် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ထိပ်သီးဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန်အတွက် အကူအညီပေးရန် ကြိုးပမ်းလျက်ရှိသည်။

မြောက်ကိုရီးယားနှင့် စတုတ္ထအကြိမ် ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်ထားရမည့် အချိန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်များသည် ပြီးခဲ့သည့်နှစ်က ထိပ်သီးအစည်းအဝေး သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့ကြသည်။

သမ္မတ မွန်ဂျယ်အင်းက ဝါရှင်တန်၌ ပြီးခဲ့သည့်ရက်သတ္တပတ်က ထရမ့်နှင့်အတူ ဆွေးနွေးခဲ့မှုသည် မသေချာမရေရာမှုများကို ဖယ်ရှားရန် ရည်ရွယ်လျက် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမယ့် မိတ္ထီလာက သနပ်ခါးလိမ်းပွဲတော်မြင်ကွင်းများ

ချမ်းသာ ( မိတ္ထီလာ)

**မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက်ရှိ ဗိုလ်ချုပ် ပန်းခြံတွင် မြန်မာ့ရိုးရာသနပ်ခါးလိမ်းပွဲတော်ကို ဒုတိယအကြိမ်မြောက် ကျင်းပခဲ့သည်။**

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလ၌ သရုပ်ပျက်ယဉ်ကျေးမှုများ ပိုမိုများပြားလာသည်ကို တွေ့မြင်ရခြင်းကြောင့် သရုပ်ပျက်ယဉ်ကျေးမှုလည်း လျော့နည်းစေ၊ မြန်မာ့ရိုးရာသနပ်ခါးကိုလည်း လူတိုင်းချစ်မြတ်နိုးတတ်စေရန်ရည်ရွယ်၍ ယခုကဲ့သို့သနပ်ခါးလိမ်းပွဲတော်အား ကျင်းပရခြင်းဖြစ်ကြောင်း ကမ်းလက်များပရဟိတ မိသားစုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းက ပြောသည်။ မိတ္ထီလာ၌ ဒုတိယအကြိမ်မြောက်ကျင်းပသည့် သနပ်ခါးလိမ်းပွဲတော်တွင် သနပ်ခါးလိမ်းပြိုင်ပွဲ၊ သနပ်ခါးပြပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ဓာတ်ပုံပြပွဲနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးရန်နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဒေသခံများနှင့် ရပ်ဝေးဒေသမှလာရောက်သူများဖြင့် သနပ်ခါးလိမ်းပွဲတော်မှာ အလွန်စည်ကားသိုက်မြိုက်အောင်မြင်ခဲ့သည်။ ယခင်နှစ်နှင့်ယခုနှစ်တွင် မဟာသင်္ကြန်အကြိုနေ့တစ်ရက်တည်းသာ သနပ်ခါးလိမ်းပွဲတော်ကို ကျင်းပခဲ့သော်လည်း လာမည့်နှစ်များတွင် ရက်တိုးမြှင့်ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည် ဖြစ် ကြောင်း သိရသည်။ ခေတ်ကာလနှင့်ယှဉ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရေးရည်ရွယ်ချက်များဖြင့်ကျင်းပသည့် မိတ္ထီလာက သနပ်ခါးလိမ်းပွဲတော်မြင်ကွင်းများကို မှတ်တမ်းဓာတ်ပုံရိုက်ကူးထားသည်များထဲမှ ကောင်းနိုးရာရာလက်ရာများကို တင်ပြလိုက်ပါသည်။



သနပ်ခါးလိမ်းပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား။



ဒုတိယ အကြိမ်မြောက် ကျင်းပသည့် သနပ်ခါးလိမ်း ပွဲတော်ကို ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ကမ်းလက်အဖွဲ့မှ တာဝန်ရှိသူများနှင့် ဝိုင်းဝန်းကူညီပံ့ပိုးသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။



သနပ်ခါးလိမ်း ပွဲတော်သို့ တက်ရောက်လာသည့် မြန်မာအမျိုးသမီးငယ်များအား သနပ်ခါး ပါးကွက် အလှဖြင့် ချစ်စဖွယ် တွေ့ရသည်မှာ။



သနပ်ခါးလိမ်းပွဲတော်တွင် ပြသထားသည့် မြန်မာ့သနပ်ခါးနှင့်သနပ်ခါးထွက်ပစ္စည်းများ စိတ်ဝင်တစားကြည့်ရှု ဝယ်ယူအားပေးသူများ။



သနပ်ခါးလိမ်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကမ်းလက်များ ပရဟိတ မိသားစု အဖွဲ့။



သနပ်ခါးလိမ်း ပြိုင်ပွဲတွင် ဆုရရှိသည့် အမျိုးသမီးငယ်တစ်ဦးအား ကမ်းလက်များ ပရဟိတ မိသားစုအဖွဲ့ တာဝန်ရှိသူ တစ်ဦးက ဆုချီးမြှင့်စဉ်။



သနပ်ခါးလိမ်းပွဲတော် စတုဒိသာမဏ္ဍပ်၌ ရေပက်ခံထွက်သူများအား စတုဒိသာကျွေးမွေးနေစဉ်။

# ပဲခူးမြို့ ရွှေမော်ဓောဘုရား (၂၆၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

**ပဲခူး ဧပြီ ၁၅**

ပဲခူးမြို့ ရွှေမော်ဓောဘုရားရင်ပြင်တော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ ယမန်နေ့က ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရသည့်အကြောင်း ရှင်းလင်းလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မီးခလုတ်နှိပ်၍ စေတီတော်မြတ်ကြီးအား မီးပူဇော်ပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ (၂၆၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား တန်ခူးလဆန်း ၁၀ ရက် (ဧပြီ ၁၄ ရက်)မှ တန်ခူးလဆုတ် ၄ ရက် (ဧပြီ ၂၃ ရက်) အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း စေတီတော်မြတ်ကြီးကို ညလုံးပေါက် လျှပ်စစ်မီးပူဇော်ခြင်း၊ တန်ခူးလပြည့် ဧပြီ ၁၉ ရက်အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ အဆိုပါနေ့ ညနေပိုင်းတွင် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပွဲတော်ပြီးနောက်တစ်နေ့တွင် ပွဲတော်အတွင်း ပြုလုပ်ခဲ့သော အလှူရှင်များ၏ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**



ရွှေမော်ဓောဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲသို့ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် မြန်မာ့ရိုးရာ မယ်စဲ့သင်္ကြန်ပွဲသို့ တက်ရောက်

**မယ်စဲ့ ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ယနေ့နံနက်က မယ်စဲ့မြို့ ဗိုလ်ချုပ်လမ်းရှိ ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ဆက်လက်ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးညီညီမင်း၊ ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ဦးစီးမှူး၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။





ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုဆု ချီးမြှင့်ပေးစဉ်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အကြတ်နေ့ နံနက်ပိုင်း ဖျော်ဖြေရေး အစီအစဉ်များအဖြစ် ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးသည် ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လိုက်လံကန်တော့ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(မြန်/ဆက်)**

# ဟင်္သာတမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပ

**ဟင်္သာတ ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ကျင်းပသည့် စုပေါင်းမဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တွင် ယနေ့ မဟာသင်္ကြန် အကြတ်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်နှင့် ဟင်္သာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

စုပေါင်းမဟာသင်္ကြန် ဗဟိုမဏ္ဍပ် တွင် ရေကစားသူများနှင့် ယိမ်းအဖွဲ့များ ကပြဖျော်ဖြေတင်ဆက်နေမှုကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများပျော်ရွှင်စွာ ရေပက်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာစုပေါင်းအဖွဲ့၊ ပဒေသာဈေးနှင့် ဌေးဝင်းဈေးစုပေါင်းအဖွဲ့များ လှူဒါန်းသည့် စတုဒိသာများကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ရေပက်ကစားသည့် ပြည်သူများနှင့်အတူ သုံးဆောင်ခဲ့ကြသည်။

ဟင်္သာတမြို့နယ်တွင် ဒုတိယအကြိမ်မြောက်ကျင်းပသည့် လမ်းလျှောက်သင်္ကြန်နှင့် စုပေါင်းဗဟိုမဏ္ဍပ်ကြီး တစ်ခု၊ ရပ်ကွက်အလိုက် ပင်မမဏ္ဍပ် သုံးခုရှိပြီး အဆိုပါမဏ္ဍပ်များတွင် စတုဒိသာကျွေးမွေးလှူဒါန်းမှုများအပြင် မြို့နယ်ပညာရေးဌာနယိမ်းနှင့် ရပ်ကွက်ကိုယ်စားပြုယိမ်းအဖွဲ့များက နေ့ည ဖျော်ဖြေတင်ဆက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဖျော်ဖြေရေး ယိမ်းအဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၅-၄-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ ⋅ ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၇ ⋅ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ⋅ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ ⋅ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၂ ⋅ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ ⋅ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ⋅ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၉၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ ⋅ ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ⋅ ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ⋅ ၆၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ အပြင်ထွက်စဉ်းစားခြင်း



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**အချိန်ပြည့်တာဝန်တွေ မရှိတာမို့ စာတွေဖတ်နိုင်တယ်။ မျှဝေနိုင်တယ်။ စာတွေ ရေးနိုင်တယ်။ အကျိုးရှိဆုံးကတော့ စဉ်းစားခွင့်၊ တွေးခွင့်၊ သုံးသပ်ခွင့်ရခြင်းပဲ။ ဒီအတွက်လည်း ကုသိုလ်ကောင်းတယ်လို့ မြင်မိတယ်။ များများဖတ်လေလေ များများစဉ်းစားစရာ၊ တွေးစရာတွေရတာ။ အခုလိုဖတ်တိုင်းလည်း ထူးချွန်လှတဲ့သူတွေကို အံ့သြမိတယ်။ သူတို့ရဲ့အတွေးအမြင်တွေကို ဘယ်ကရသလဲ၊ ဘယ်လို ထုတ်ဖော်သလဲ၊ ချီးကျူးမိတယ်၊ ကျေးဇူးလည်း တင်မိတယ်။**

ကျွန်တော်ဟာ စာမဖတ်တဲ့နေ့တစ်နေ့မှ မရှိခဲ့ဘူး။ အမြဲတမ်းဖတ်ခွင့်ရတယ်။ ဖတ်နိုင်အောင်လည်း အချိန်ယူတယ်။ စာနဲ့မွေ့လျော်အောင် ကြိုးစားတယ်။ ဖတ်ရတာကိုလည်း ကြိုက်တယ်။ ဒီအကျင့်ကို ငယ်ငယ်ကတည်းက ရခဲ့တာ။ အဘိုးဖြစ်သူက အားပေးခဲ့သလို အဖေကလည်း ကူညီခဲ့တယ်။ သူကိုယ်တိုင်က စာအမြဲဖတ်တာ။ စစ်သားမို့ ထင်ပါရဲ့။ စစ်သမိုင်းစာအုပ်တွေပဲ ဖတ်တာ တွေ့ရတယ်။ စာများများ ဖတ်လေလေ ကိုယ်မသိတာ မတတ်တာ များလှတယ်ဆိုတာ သဘောပေါက်လေလေ ဖြစ်တယ်။ ကိုယ်ဝါသနာပါတဲ့ စီးပွားရေးဘာသာဟာ ကျယ်ပြန့်လွန်းတာမို့ လေ့လာစရာတွေက မကုန်နိုင်အောင်ပါပဲ။ ဘာကို အထူးပြုသလဲလို့မေးရင် ကျွန်တော် မဖြေနိုင်ဘူး။ အားလုံးကို နှစ်သက်တယ်။ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု ဘာသာစုံတစ်ခုကို ရွေးပါလို့ ပြောရင် ကျွန်တော့်အတွက်ခက်ခဲတယ်။

### စဉ်းစားတွေးခေါ်မှု

ကျွန်တော်ကတော့ စဉ်းစားတွေးခေါ်မှုဟာ အခြေခံဖြစ်တယ်လို့ မြင်မိတယ်။ ဘာသာရပ်ဆိုတာက ခေါင်းစဉ်တပ်မှုသာဖြစ်တယ်။ အားလုံးဟာ စဉ်းစားတွေးခေါ်မှုတွေ။ တွေးပြီး၊ သုံးသပ်ပြီး စနစ်တကျ ဖော်ထုတ်မှုတွေသာ ဖြစ်တယ်။ ဒါကြောင့် စဉ်းစားတတ်တဲ့၊ တွေးတတ်တဲ့ ၊ ဆင်ခြင်တတ်တဲ့ အလေ့အကျင့်တွေကို ပြုစုအားပေးရမှာ။

အတွေးအခေါ်နဲ့ ပတ်သက်ပြီး စိစစ်မှုနဲ့ တီထွင်မှုဟာ အခြေခံနှစ်ခုဖြစ်တယ်။ အကြောင်းအရာတစ်ခုကို အပေါ်ယံ သုံးသပ်ခြင်းမဟုတ်ဘဲ နက်နက်နဲနဲ ဆန်းစစ်ခြင်းဟာ အရေးကြီးတယ်။ တလောက ကျွန်တော်တင်ပြခဲ့သလို အခြေခံအကြောင်းအချက်တွေကို သိအောင် ကြိုးစားရမယ်။ ပြောသမျှ၊ မြင်သမျှ၊ ကြားသမျှကို လွယ်လွယ်နဲ့ လက်ခံတာ မဟုတ်ဘဲ ယုတ္တိရှိ မရှိကို စဉ်းစားပြီး ဇာစ်မြစ်အမှန်ကို ရှာဖွေဖို့ လိုတယ်။ လွယ်တဲ့အဖြေကို ခပ်ပေါ့ပေါ့လက်ခံလို့ မဖြစ်ဘူး။ အခုချိန်မှာ သိပ်ပြီးအပေါ်ယံကို နှစ်သက်နေကြသလိုပဲ အပင်ပန်းခံပြီး နက်နက်နဲနဲစဉ်းစားတာ တွေးတာ သုံးသပ်တာ မရှိကြဘူး။ မြင်တာကိုပဲ အာရုံစိုက်ပြီး အဖြေထုတ်ဖို့ စဉ်းစားနေကြတာ။

စဉ်းစားတွေးခေါ်တာကိုလည်း အားမပေးကြဘူး။ စဉ်းစားတဲ့သူဟာ တွေဝေတဲ့သူ။ သီအိုရီဆန်တဲ့သူဆိုပြီး ပြစ်တင်ချင်ကြတာ။ လက်တွေ့ကျရမယ်။ လက်တွေ့ကိုပဲ စဉ်းစားရမယ်ဆိုတဲ့ အတွေးတွေက လွှမ်းမိုးနေသလို ဖြစ်နေတာ။ ပိုပြီးဆိုးတာက ဘောင်ထဲက မထွက်နိုင်တဲ့ ကိစ္စပဲ။ အရာရာကို သိပြီးသား နားလည်ပြီးသား။ ယဉ်ပါးတာကိုပဲ ဇောင်းပေးပြီး အဖြေထုတ်ကြတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး အခွင့်အရေးရတိုင်း ကျွန်တော်က ပုစ္ဆာတစ်ပုဒ်ထုတ်ခဲ့ပါတယ်။ စာရွက်တစ်ရွက်အပေါ်မှာ အောက်ပါအတိုင်း အစက်(၉)စက်ကို ချရေးပါ။



### ပုစ္ဆာက မခက်ပါဘူး

အခုလိုရေးပြီး ပုစ္ဆာက ဒီအစက်အားလုံး ပျောက်အောင် မျဉ်းဖြောင့် လေးကြောင်းနဲ့ ဖျောက်ဖို့။ ရုတ်တရက်ကြည့်ရင် ပုစ္ဆာက မခက်ပါဘူး။ မျဉ်းကြောင်းလေးကြောင်းတောင် မလိုပါဘူး။ သုံးချောင်းသုံးရုံနဲ့ အစက်ကိုးစက်စလုံး ပျောက်သွားမှာ။ ဒါပေမယ့် ပုစ္ဆာရဲ့နောက်ဆက်တွဲက အခုလို မျဉ်းဖြောင့်တွေနဲ့ ဆွဲတဲ့အခါ စဆွဲတဲ့အချိန်ကစပြီး ရေးတဲ့ ခဲတံဘောပင်ကို စက္ကူပေါ်က လုံးဝကြွလို့မရဘူး။ စဆွဲတဲ့အချိန်ကစပြီး တစ်ဆက်တည်း ဆွဲရမှာ။ ပုစ္ဆာကို အခုလို သတ်မှတ်လိုက်တော့ အဖြေက လွယ်လွယ်နဲ့ မရနိုင်တော့ဘူး။ တော်တော်လေး ဦးနှောက်ခြောက်တဲ့ ကိစ္စ ဖြစ်သွားတယ်။ အဖြေကတော့ အောက်ပါအတိုင်းဖြစ်တယ်။



စဆွဲတဲ့အချိန်ကစပြီး စက္ကူပေါ်မကြွဘဲ မျဉ်းဖြောင့်လေးကြောင်းနဲ့ ဖျောက်နိုင်ဖို့ အစက် ကိုးစက်အပြင်ထွက်ပြီး ရေးဆွဲမှသာ ရနိုင်မှာဖြစ်တယ်။ တစ်နည်းပြောရရင် အပြင်ထွက်စဉ်းစားမှု (thinking outside -the- box) ဆိုတဲ့ ချဉ်းကပ်မှုဖြစ်တယ်။ အစက် ကိုးစက်ကို ဖျက်ဖို့ ဒီအစက်တွေအတွင်း စဉ်းစားနေရင် ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စဖြစ်တယ်။ အခုလိုပဲ အရာရာကိုအပြင်ထွက်မစဉ်းစားနိုင်သလို အဖြေရဖို့မဖြစ်နိုင်ဘူး။

လက်ရှိအခြေအနေ ကျွန်တော့်နိုင်ငံမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာ အားလုံးမှာ အပြင်ထွက်မစဉ်းစားနိုင်တဲ့ ဒုက္ခက ကြီးနေတယ်လို့ မြင်မိတယ်။ ပုံစံခွက်ထဲ ရောက်နေသရွေ့ ကတော့ အဖြေထွက်မှာမဟုတ်ပါဘူး။ တစ်ဖက်က ခေါက်ရိုးကျိုးနေတာကလည်း ဒုက္ခတစ်ခုပြောလိုက်ရင် မဖြစ်နိုင်တာနဲ့ အမြဲစတဲ့အကျင့်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ဆန္ဒ မရှိပြန်ဘူး။ မှားမှာကြောက်တဲ့စိတ်တွေက လွှမ်းမိုးနေတယ်။ မှားမှာကြောက်တာကြောင့် ဘာမှမလုပ်တော့ဘူး။ ဒါကြောင့် မုန့်လုံးစက္ကူကပ်နေတဲ့ အနေအထားဖြစ်နေတာ။

### အပြင်ထွက်စဉ်းစားနိုင်ဖို့

အပြင်ထွက်စဉ်းစားနိုင်ဖို့က၊ သတ္တိလိုတယ်။ ရဲရင့်ရတယ်။ တီထွင်ဆန်းသစ်ရမယ်။ သမားရိုးကျချဉ်းကပ်ပုံနဲ့တော့ ဖြစ်မှာ မဟုတ်ဘူး။ ဒါကြောင့်လည်း နေရာတိုင်းမှာ စွန့်ဦးတီထွင်မှုဟာ အရေးကြီးတယ်။ လူတွေက စွန့်ဦးတီထွင်မှုကို စီးပွားရေးနဲ့ပဲ ဆိုင်တယ်လို့ထင်နေကြတာ။ အမှန်တော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နယ်ပယ်အသီးသီးမှာ အကျုံးဝင်တဲ့ကိစ္စဖြစ်တယ်။ သူများမစဉ်းစားတာ သူများမလုပ်တာကို စဉ်းစားရဲလုပ်ရဲဖို့ က အမှန်တော့မလွယ်လှဘူး။ အများနဲ့လိုက်ရင် လုံခြုံတယ်။ စိတ်ချရတယ်။ ကိုယ်တစ်ယောက်တည်းထွင်ပြီး ချွန်ရင် အန္တရာယ်ကကြီးတော့ တော်ရုံတန်ရုံသတ္တိနဲ့ မလုပ်နိုင်ကြတော့ဘူး။ ဖြစ်နေတာတွေကို သုံးသပ်လိုက်ရင်အားလုံးဟာ ပုံစံခွက်ထဲကမထွက်နိုင်တဲ့ပြဿနာဖြစ်နေတယ်။ မိမိနားလည်တဲ့ မိမိသိတဲ့အခြေအနေကိုပဲ အားကိုးပြီး ဆောင်ရွက်တာမို့ အဖြေအသစ်တွေမရနိုင်ဘူး။ အရင်လိုပဲလုပ်ရင်အဖြေအသစ် ရနိုင်မယ်လို့ စဉ်းစားတဲ့သူဟာ ရူးတဲ့သူလို့ ပညာရှင်တစ်ဦးက အဓိပ္ပာယ်ဖွင့်ခဲ့တယ်။ အရင်လိုလုပ်ရင် အဖြေက အရင်လိုသာ ဖြစ်မှာ။ ထူးခြားတဲ့အဖြေအသစ် ရစရာအကြောင်း မရှိနိုင်ဘူး။

> **“အပြင်ထွက်စဉ်းစားနိုင်ဖို့က၊ သတ္တိလိုတယ်။ ရဲရင့်ရတယ်။ တီထွင်ဆန်းသစ်ရမယ်။ သမားရိုးကျချဉ်းကပ်ပုံနဲ့တော့ ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့်လည်း နေရာတိုင်းမှာ စွန့်ဦးတီထွင်မှုဟာ အရေးကြီးတယ်။ လူတွေက စွန့်ဦးတီထွင်မှုကို စီးပွားရေးနဲ့ပဲ ဆိုင်တယ်လို့ ထင်နေကြတာ။ အမှန်တော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နယ်ပယ်အသီးသီးမှာ အကျုံးဝင်တဲ့ကိစ္စဖြစ်တယ်”**

### ဖော်ထုတ်နိုင်ခဲ့

အပြင်ထွက်စဉ်းစားတတ်ဖို့က အားပေးတဲ့ပတ်ဝန်းကျင် တစ်ရပ်ရှိဖို့ လိုအပ်တယ်။ အပြင်ထွက်စဉ်းစားတဲ့သူကို အားပေးရမယ်။ လက်ခံရမယ်။ လူ့အဖွဲ့အစည်းတွေမှာ အပြင်ထွက်စဉ်းစားခဲ့တာကြောင့် တိုးတက်မှုတွေရခဲ့တယ်။ တစ်ချိန်တုန်းက သိပ္ပံပညာရှင်တွေက၊ စကြဝဠာကို သုံးသပ်တဲ့အခါ ကမ္ဘာကြီးအလယ်ဗဟိုမှာရှိပြီး နေတွေ၊ လတွေကျန်ရှိတဲ့ဂြိုဟ်တွေက လည်ပတ်နေတယ်လို့ လက်ခံထားကြတယ်။ ဒီအယူအဆကို အပြင်ထွက်ပြီး ဂေလာလီယိုက နေကအလယ်ဗဟိုမှာရှိပြီး ကမ္ဘာကြီးနဲ့ကျန်တဲ့ဂြိုဟ်တွေက လည်ပတ်နေကြောင်း တင်ပြခဲ့တယ်။ ဖော်ထုတ်ခဲ့တယ်။ အခုလိုအပြင်ထွက်စဉ်းစားရမလား ဆိုပြီး ပညာရှင်ကြီးကို မီးရှို့ပြီး သုတ်သင်ခဲ့တယ်။ အခုလိုပဲ တစ်ချိန်က ကမ္ဘာမြေကြီးဟာ ပြားနေတယ်လို့ ယူဆတယ်။ ပြားနေတဲ့အတွက် အစွန်းရောက်ရင် အောက်ကျသွားမှာ။ ဒီအယူအဆကို လက်မခံတဲ့စွန့်စားတဲ့သူတွေဟာ ပင်လယ်ပြင်ကြီးဖြတ်ပြီး သွားတဲ့အခါ ကမ္ဘာကြီးဟာလုံးနေကြောင်း ဖော်ထုတ်နိုင်ခဲ့တယ်။

ကျွန်တော်က အခွင့်အရေးရတိုင်း လူငယ်တွေကို အားပေးခဲ့တယ်။ စဉ်းစားပါ။ ဆင်ခြင်ပါ။ လေ့လာပါ။ ရလာတဲ့ အသိတရားနဲ့ အပြင်ထွက်စဉ်းစားကြပါလို့။ အခုလို သတ္တိရှိရှိ တွေးမှ အကျိုးရှိမှာ။ ပြောင်းလဲမှုတွေရမှာ။ တစ်ခုတော့ ရှိပါတယ်။ မပြောင်းတာကိုနှစ်သက်တဲ့သူတွေ၊ ကြိုက်တဲ့သူတွေကတော့ ဘောင်အတွင်းမှာပဲ စဉ်းစားတာ၊ နေထိုင်တာကို နှစ်သက်ကြမှာ ဖြစ်တယ်။ မိမိဘဝတိုးတက် အောင်မြင်ဖို့၊ အပြင်ထွက်စဉ်းစားကြဖို့ တိုက်တွန်းပါတယ်။ ။

---

## ဆီဆိုင်မြို့နယ် စိုက်သပြေငုတ်များ ဝယ်လိုအားကောင်းနေ

**ဆီဆိုင် ဧပြီ ၁၅**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း စိုက်ပျိုးထားသော သပြေပင်များသည် ယခုအချိန်ကာလမှာ ဝယ်လိုအားကောင်းနေ၍ သပြေပင်စိုက်သည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံသပြေပင်စိုက်တောင်သူများထံမှ သိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်သည် စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလျက်ရှိရာ ပြောင်း၊ နာနတ်သီး၊ ကြက်သွန်ဖြူ၊ ဖရဲသီး၊ သခွါးမွေး၊ သပြေပင် စသည့်ကောက်ပဲသီးနှံအမျိုးမျိုးကိုစိုက်ပျိုးကြပြီး သပြေပင်စိုက်သည့် တောင်သူများ ဝင်ငွေကောင်းနေကြကြောင်း သိရသည်။ “တောင်ကြီးက သပြေပင်စိုက်တဲ့တောင်သူတွေက ကျွန်မတို့ဆီမှာ ဒေသထွက်တောထဲမှာရှိတဲ့ သဘာဝသပြေစေ့တွေ လာဝယ်ကြတယ်။ သပြေစိုက်တဲ့နည်းကိုလည်း ကျွန်မတို့ကို ပြောပြပါတယ်။ စိုက်တဲ့နည်းကတော့ မိုးကျခါစ ဇွန်လမှာ စတင်စိုက်ပျိုးပြီး တစ်နှစ်တစ်ခါ ပိုးသတ်ဆေးဖျန်း၊ မြေဩဇာတို့ ထည့်ပေးရပါတယ်။ တစ်နှစ်အတွင်း ပေါင်းသုံးခါလောက် ရှင်းပေးရပြီး စိုက်ပြီး သုံးနှစ်ပြည့်ရင်တော့ သပြေပင်အရင်းကို ဖြတ်ပေးရတယ်။ အရင်းဖြတ်ပြီး ၁၀ ရက်ကျော်လောက်ဆို အတက်ထွက်လာတယ်။ အရင်းဖြတ်ပြီး ၃၅ ရက်ပြည့်ရင်တော့ သပြေငုတ်ရောင်းလို့ရပြီ”ဟု ဆီဆိုင်မြို့နယ် ပုံလောင်းကျေးရွာရှိ သပြေပင်စိုက်တောင်သူ ဒေါ်နန်းကောင်းက ပြောသည်။



သပြေငုတ်စိုက်ခင်းကို တွေ့ရစဉ်။

ယခုအချိန်တွင် သပြေငုတ် တစ်ငုတ်ကို ငွေကျပ် ငါးရာမှ ငွေကျပ် နှစ်ထောင်အထိ ဈေးနှုန်းအမျိုးမျိုးရှိပြီး မိုးကုန်ချိန်မှစတင်ကာ ရောင်း၍ကောင်းနေသည့်အပြင် ရက်ကြီး ခါကြီး ဆိုပါက ခြံအထိလာဝယ်သည့်သူ များပြားနေကြောင်း၊ တစ်နှစ်အတွင်း ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ ဝန်းကျင် ဝင်ငွေရရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

---

## မြန်မာ့ရိုးရာမဟာသင်္ကြန်အတွင်း လူမှုကယ်ဆယ်ရေး ကုသိုလ်ပြုအသင်းများ ကူညီဆောင်ရွက်

**တွံတေး ဧပြီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့မှ အတက်နေ့အထိ အရေးပေါ်လူနာတင်ယာဉ် ၁၃ စီး၊ လူအင်အား ၆၂ ဦးဖြင့် တွံတေးမြို့လမ်းဆုံ၊ လမ်းခွများတွင် ကူညီဆောင်ရွက်ပေးရန် အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်ရှိသည်။

တွံတေးမြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်အတွင်း အရေးပေါ်လူနာများနှင့် အက်ဆီးဒင့်လူနာများကို အသင့်ကူညီနိုင်ရန်အတွက် စိတ္တသုခကုသိုလ်ပြု လူမှုကယ်ဆယ်ရေးအသင်းက လူနာတင်ယာဉ် ၁၀ စီး၊ လူအင်အား ၅၀၊ စေတနာ့ကုသိုလ်ပြုလူငယ်အဖွဲ့မှ လူနာတင်ယာဉ် သုံးစီး လူအင်အား ၁၂ ဦးတို့ဖြင့် အဓိကကျသော လမ်းဆုံ၊ လမ်းခွများတွင် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်ရန် အသင့်ရှိကြောင်း စိတ္တသုခကုသိုလ်ပြု လူမှုကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုရွှေက ပြောသည်။

စိတ္တသုခကုသိုလ်ပြု လူမှုကယ်ဆယ်ရေးအသင်း ဥက္ကဋ္ဌက “ကျွန်တော်တို့ အသင့်ရှိနေတာက ယာဉ်မတော်တဆမှု၊ နာမကျန်းဖြစ်တဲ့သူတွေအတွက် အရေးပေါ်အသက်ကယ်နိုင်ဖို့ အသင့်အနေအထားနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်” က ဆက်လက်ပြောသည်။

**မျိုးလှိုင်(တွံတေး)**

# မဟာသင်္ကြန်အကြတ်နေ့တွင် မကွေးမြသလွန်ဘုရားကြီး၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မကွေး ဧပြီ ၁၅**

နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်အခါသမယတွင် မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားများထဲတွင် တစ်ဆူအပါအဝင်ဖြစ်သည့် မကွေးမြသလွန်ဘုရားကြီးတွင် သင်္ကြန်အကြတ်နေ့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလှသည်။

မကွေးမြသလွန်ဘုရားကြီးပေါ်တွင် ဘုရားဖူးလာပြည်သူများမှာ ဆွမ်းကပ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ငှက်လွှတ်ခြင်း ရေသပ္ပာယ်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြပြီး အလှူရှင်များက မုန့်လက်ဆောင်း စတုဒိသာကျွေးခြင်းတို့ဖြင့် သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာ ဖြတ်သန်းကြသည်။ မကွေးမြသလွန်ဘုရားပေါ်တွင် ငါးအရှင်လေးများပါ ရောင်းသဖြင့် အချို့ဘုရားဖူးလာပြည်သူများမှာ ငါးသက်စေ့ကို ဧရာဝတီမြစ်အတွင်းလွှတ်ရင်း ကုသိုလ်ယူကြသည်ကိုလည်း တွေ့ရသည်။

"အစ်မတို့က ပခုက္ကူကလာတာပါ။ ဝန်ထမ်းတွေဆိုတော့ သင်္ကြန်ပိတ်ရက် မောင်နှမဆွေမျိုးတွေဆုံတုန်း ဘုရားဖူးလာတာပါ။ ကလေးတွေလည်းပါတော့ မကွေးလမ်းလျှောက်သင်္ကြန်ကိုဝင်လည်ပြီးရင် ကျောင်းတော်ရာနဲ့ ရွှေစက်တော်ကို ဆက်သွားမှာပါ။ တစ်လမ်းလုံး စတုဒိသာကျွေးတာတွေ စားရလို့ ဒီဘုရားဖူးခရီးစဉ်လေးက ကုသိုလ်လည်းရတယ်။ အလွန်လည်း ပျော်စရာကောင်းပါတယ်"ဟု ပခုက္ကူမြို့မှ ဘုရားဖူးလာသူ ဒေါ်နန်းနွယ်ဟန်က ပြောသည်။

မြန်မာတို့၏ရိုးရာသင်္ကြန်တွင် မုန့်လုံးရေပေါ်စတုဒိသာကျွေးခြင်းမှာလည်း ခွဲခြား၍မရနိုင်သကဲ့သို့ ဘုရားသို့သွားရာလမ်းတစ်လျှောက်တွင် ဘုရားဖူးလာသည့်ကားများ၊ ဆိုင်ကယ်များကိုတား၍ မုန့်လုံးရေပေါ်ကျွေးမွေးခြင်းသည်လည်း မြန်မာတို့၏ ချစ်စရာဓလေ့တစ်ခုဖြစ်ပြီး ဘုရားဖူးလာသူပြည်သူများမှလည်း မုန့်လုံးရေပေါ်များစားရင်း ကုသိုလ်ကောင်းမှုများပြုကာ သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**



မကွေးမြို့ မြသလွန်ဘုရား၌ ဘုရားဖူးလာပြည်သူများကို သင်္ကြန်အကြတ်နေ့က တွေ့ရစဉ်။

# နေပြည်တော် မဟာသင်္ကြန်ပွဲတော်တွင် ရေပက်ကစားကြသူများဖြင့်စည်ကား

**နေပြည်တော် ဧပြီ ၁၅**

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် နိုင်ငံတစ်ဝန်း၌ သင်္ကြန်ပွဲတော်ရက်များအတွင်း ပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ကြရန် လမ်းလျှောက်သင်္ကြန်အစီအစဉ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကျင်းပလျက်ရှိသည်။ ထို့ပြင် စတုဒိသာကျွေးမွေးခြင်းများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထိုသို့ကျင်းပလျက်ရှိရာ နေပြည်တော် ဟိုတယ်ဇုန်ရှိ Sky Net ရေကစားမဏ္ဍပ်တွင် နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် သင်္ကြန်အကြိုနေ့မှစတင်ကာ စည်ကားလျက်ရှိသည်။ အဆိုပါမဏ္ဍပ်တွင် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများအပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ ယိမ်းအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိပြီး သင်္ကြန်အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် ပျဉ်းမနားလမ်းလျှောက်သင်္ကြန်တွင်လည်း ယခင်နှစ်ထက်ပို၍ စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။ ယခုနှစ် လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးလိမ်းပွဲတော်ကို ထည့်သွင်းကျင်းပပေးသည့်အတွက် လာရောက်ရေကစားသူများ နေပူပူတွင် သနပ်ခါးပါးကွက်ကျားလေးများဖြင့် ပျော်ရွှင်စွာရေပက်ကစားနေသည်ကို တွေ့မြင်ရသည်။ လမ်းလျှောက်သင်္ကြန်တွင် လာရောက်ရေပက်ကစားကြသူများအတွက်လည်း စတုဒိသာကျွေးမွေးမှုများလည်းရှိကြောင်း သိရသည်။

**မေမိုးသဲ**



ကျောင်းကုန်းမြို့နယ် ဗိဒ္ဒီယိုအခြေခံအဖွဲ့က သင်္ကြန်တွင်း စတုဒိသာကျွေးမွေးလှူဒါန်းစဉ်။ ဝင်းကြိုင် (ပြန်/ဆက်)



**Sky Net** မဏ္ဍပ်တွင် ရေပက်ခံပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# ကျောက်မဲမြို့ လမ်းလျှောက်သင်္ကြန်တွင် ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိ

**ကျောက်မဲ ဧပြီ ၁၅**

ကျောက်မဲမြို့ သင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့ ကံ့ကော်လမ်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းဆောင်ရွက်ထားခြင်းကြောင့် ကျောက်မဲသင်္ကြန်သည် ယခင်နှစ်များနှင့်မတူဘဲ သင်္ကြန်အကျနေ့နှင့် အကြတ်နေ့များတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗဟိုမဏ္ဍပ်တွင် ရွှေငါးတေးဂီတအဖွဲ့မှ ဖျော်ဖြေပေးလျက်ရှိပြီး အဆိုပါလမ်းလျှောက်သင်္ကြန်လမ်းဘေးဝဲယာ တစ်လျှောက်တွင် စတုဒိတာကျွေးမွေးသူများ၊ ရေပက်မဏ္ဍပ်များကြောင့် ပိုမိုစည်ကားလျက်ရှိသည်။

"လမ်းလျှောက်သင်္ကြန်က ဗဟိုမဏ္ဍပ်ရဲ့ရှေ့မှာဆိုတော့ ရေပက်ခံထွက်ရင်း ဗဟိုမဏ္ဍပ်က ဖျော်ဖြေတာတွေကိုကြည့်ရတယ်ဆိုတော့ တကယ်အဆင်ပြေပါတယ်။ အထူးသဖြင့် မိသားစုလိုက်လည်း လည်ပတ်နိုင်တယ်။ အန္တရာယ်လည်းကင်းတာပေါ့။ လမ်းလျှောက်သင်္ကြန်ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာ ဒီထက်အပြင်အဆင်တွေ ပိုကောင်းအောင် လုပ်ရင်ပိုကောင်းမယ်လို့ ထင်ပါတယ်"ဟု လမ်းလျှောက်သင်္ကြန် စီစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ မြို့ခံတစ်ဦးက ပြောသည်။

ယခင်နှစ်များတွင် ကျောက်မဲမြို့၌ လည်စရာနေရာ နည်းပါးသောကြောင့် သင်္ကြန်ကာလအတွင်း ကျောက်မဲမြို့သူ မြို့သားများသည် သီပေါနှင့် အခြားမြို့များသို့ သွားရောက်လည်ပတ်မှု များပြားကြောင်း သိရသည်။ **ကျောက်မဲ(ပြန်/ဆက်)**



# ခရီးသွားမြို့တော် (ပြင်ဦးလွင်)၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသွားပြည်သူများ စည်ကား

**ပြင်ဦးလွင် ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ နှစ်သစ်ကိုကြိုဆိုရင်း ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများသည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလတွင် လာရောက်လည်ပတ်အပန်းဖြေလျက်ရှိကြသည်။



သင်္ကြန်ကာလ၌ ပြင်ဦးလွင်မြို့ကန်တော်ကြီးဥယျာဉ်တွင် ခရီးသွားများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။

ခရီးသွားပြည်သူများသည် ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားဖြစ်သည့် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဦးစွာဖူးမြော်ကြည်ညိုကြပြီး ပြင်ဦးလွင်မြို့၏ ကွယ်ပျောက်နေသော လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲ ရေကစားကြ၍ အမျိုးသားကန်တော်ကြီးဥယျာဉ် ( ပြင်ဦးလွင် ) ၏ ယခင်နှစ်များနှင့် မတူအောင် ပန်းအလှဆင်နည်းပညာများ၊ ပန်းစိုက်ပျိုးနည်းပညာများ၊ ပန်းမျိုးများအကြောင်းကို လေ့လာရင်း မိသားစုနှင့်အတူ လက်ဆုံထမင်းစားပြီး ပင်ပန်းနွမ်းနယ်မှုများကို အပန်းဖြေလျက် နှစ်သစ်ကို ကြိုဆိုကြကြောင်း သိရသည်။

**ဇော်မျိုးထိုက် (ပြင်ဦးလွင်)**

# ပိုးကရင်ရိုးရာ လက်ချည်မင်္ဂလာ

မောင်သာ(ရှေးဟောင်းသုတေသန)



လက်ချည်မင်္ဂလာပွဲတွင် သတို့သားနှင့် သတို့သမီးအား လူကြီးမိဘတစ်ဦးက လက်ချည်ပေးနေစဉ်။ ဓာတ်ပုံ-ဇေယျာထွန်း(Sterling Tourism Service)

တိုင်းရင်းသား ပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသား မျိုးနွယ်စုအသီးသီးသည် မိမိတို့ယဉ်ကျေးမှု ထုံးဓလေ့များကို အစဉ်အဆက်ထိန်းသိမ်းခဲ့ကြရာ ပျောက်ကွယ်ခဲ့သည့် ထုံးဓလေ့များရှိသကဲ့သို့ များစွာသောထုံးဓလေ့များကိုလည်း ယနေ့တိုင် ကျင့်သုံးလျက်ရှိနေကြပေသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုး သတ်မှတ်ချက်တွင် ကရင်တိုင်းရင်းသားမျိုးနွယ်စု ၁၁ စု အဖြစ် ကရင်၊ ကရင်ဖြူ၊ ပလေကီး(ပလေချီ)၊ မွန်ကရင်၊ စကောကရင်၊ တလေ့ပွာ၊ ပကူး၊ ဘွဲ၊ မော်နေ ပွား၊ မိုးပွားနှင့် ပိုးကရင်တို့ကိုဖော်ပြထားရာ ပိုးကရင်နှင့် စကောကရင်တို့ကို လူသိအများဆုံးဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိက လူမျိုး အုပ်စုကြီး ရှစ်ခုဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများသည် လူမျိုးစုများ ထပ်မံကွဲပြားခဲ့ပြီး တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိကြောင်း ပြောဆိုရေးသားနေကြခြင်းသည် တိကျမှန်ကန်မှုမရှိဟုဆိုရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ စာရင်းကိုပြုစုခဲ့စဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာနက ကောက်ယူထားသည့် လူဦးရေစာရင်းပါ အမည်များကို ထုတ်နုတ်ပြုစုခဲ့သဖြင့် ထပ်နေသောအမည်များ၊ စာရင်းတွင် မပါရှိသည့် အမည်များရှိခဲ့ကာ မှန်ကန်တိကျသည့် စာရင်း မဖြစ်ခဲ့ပါချေ။

ကရင်တိုင်းရင်းသား မျိုးနွယ်စုများအနက် ပိုးကရင်တိုင်းရင်းသားများ၏ လက်ထပ်မင်္ဂလာထုံးတမ်းစဉ်လာများကို လေ့လာနိုင်ရန် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာတွင်ကျင်းပသည့် ကိုကျော်သူနှင့် မစန္ဒာဝင်းတို့၏ ကရင်ရိုးရာ လက်ထပ်မင်္ဂလာပွဲသို့ ရောက်ရှိခဲ့ပါသည်။ ဝင်းပသည် မွန်ပြည်နယ်၊ သုဝဏ္ဏဝတီမြို့မှ ကျေးရွာတစ်ရွာဖြစ်ပြီး ဝင်းပကျေးရွာသည် မွန်၊ ကရင်၊ ပအိုဝ်းနှင့် ဗမာ လူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသည့် ကျေးရွာဖြစ်သည်။

**သထုံမြို့နယ်နှင့် ကရင်တိုင်းရင်းသားများ**

သထုံမြို့နယ်သည် ဘားအံမြို့၏ အနောက်ဘက်၊ ပေါင်မြို့၏ မြောက်ဘက်၊ ဘီးလင်းမြို့၏ တောင်ဘက်တွင်တည်ရှိ၍ အနောက်ဘက်တွင် မုတ္တမပင်လယ်အော်နှင့် ထိစပ်နေကာ ၅၃၇ ဒသမ ၉၁ စတုရန်းမိုင်ကျယ်ဝန်းသည်။ သထုံမြို့နယ်ကို တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် သထုံမြို့နယ်တွင် မြို့ နှစ်မြို့(သထုံနှင့် သုဝဏ္ဏဝတီ)၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စုနှင့် ကျေးရွာ ၁၇၅ ရွာ ပါဝင်သည်။ သထုံမြို့နယ်၊ ကျိုက်ကော် ကျေးရွာကို ၂၀၁၄ ခုနှစ် မတ်လ ၁၃ ရက်တွင် သုဝဏ္ဏဝတီမြို့ဟု သတ်မှတ်ခဲ့သည်။ သထုံမြို့နယ်အတွင်း ကရင်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည့် ဝင်းပကျေးရွာနှင့် တစ်ပင်တိုင် ကျေးရွာတို့သည် သုဝဏ္ဏဝတီမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိကြသည်။

သထုံမြို့နယ်တွင် မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်း၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ရခိုင်တိုင်းရင်းသားများ နေထိုင်ကြကာ မြို့နယ် လူဦးရေ ၂၃၃၈၆၇ ဦး ၏ ၃၅ ဒသမ ၅၄ ရာခိုင်နှုန်းသည် ကရင် တိုင်းရင်းသားများ ဖြစ်ကြသည်။ သထုံမြို့နယ်သည် မွန်ပြည်နယ်တွင်ပါဝင်သော်လည်း မြို့နယ်အတွင်း နေထိုင်သည့် မွန်လူမျိုးများသည် ၄၈၈၈ ဦး ဖြစ်သဖြင့် မြို့နယ် လူဦးရေ၏ ၂ ရာခိုင်နှုန်းသာ ဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လ တွင် ထုတ်ပြန်သော စာရင်းများအရ သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား ၈၃၁၃၀ ဦး ရှိသဖြင့် ကရင်နှစ်သစ်ကူးပွဲတော် အပါအဝင် ကရင်ရိုးရာယဉ်ကျေးမှုပွဲများကို သထုံမြို့နယ်တွင် ကျင်းပလေ့ ရှိသည်။ ကရင်တိုင်းရင်းသားများအနက် ပိုးကရင်နှင့် စကော ကရင်ဟူ၍ အဓိက မျိုးနွယ်စုနှစ်ခုရှိသည့်အနက် သထုံမြို့နယ်တွင် ပိုးကရင်များ အများဆုံးနေထိုင်ကြကာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

**ကရင်တိုင်းရင်းသားတို့၏ လူပျိုလှည့်ဓလေ့**

ကရင်တိုင်းရင်းသား လူငယ်အမျိုးသားများသည် အရွယ်ရောက်၍ မိမိချစ်မြတ်နိုးသူကို တွေ့ရှိချိန်တွင် မိန်းကလေး မိဘများထံခွင့်တောင်း၍ မိန်းကလေးအိမ်တွင် ချစ်ခွင့်ပန်ကြရသည်။ မိမိချစ်ခွင့်ပန်မည့် မိန်းကလေး၏ မိဘများက အိမ်သို့ လာခွင့်ပြုသည့်ရက်၊ ညပိုင်းတွင် လူပျိုကာလသားသည် မိမိ သူငယ်ချင်း သုံးလေးယောက်နှင့်အတူ မိန်းကလေးအိမ်သို့ သွားကြရသည်။ မိန်းကလေးကလည်း မိမိသူငယ်ချင်း သုံးလေးယောက်နှင့်အတူ အိမ်မှစောင့်နေသည်။

ချစ်ခွင့်ပန်မည့် ကာလသား လူငယ်ရောက်လာချိန်တွင် မိန်းကလေး၏ မိဘများက လူငယ်များ လွတ်လပ်စွာပြောဆိုနိုင်ရန် ရှောင်ခွာသွားလေ့ရှိကြသည်။ မိန်းကလေး၏ အိမ်အလယ်တွင် ချစ်ခွင့်ပန်မည့် လူငယ်အဖွဲ့နှင့် အိမ်ရှင်မိန်းကလေး အဖွဲ့တို့သည် မျက်နှာချင်းဆိုင်လျက် တန်းစီထိုင်ကြရသည်။ အတန်း နှစ်ခုကြားတွင် ဖယောင်းတိုင်ကို ထွန်းထားလေ့ရှိကြသည်။ လျှပ်စစ်မီးများ မရှိသေးမီက အခန်းအတွင်း၌ အလင်းရောင်ရရှိရန်နှင့် မိန်းကလေးအဖွဲ့နှင့် ယောကျာ်းလေးအဖွဲ့ကို စည်းခြားထားရန် မီးထွန်းထားသော ဖယောင်းတိုင်ကို စိုက်ထား ကြသည်။ ယခုအခါတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်သော်လည်း ရှေးထုံးအစဉ်အလာအတိုင်း စည်းခြားထားရန် ဖယောင်းတိုင်ကို ထွန်းညှိထားကြမြဲဖြစ်သည်။

ချစ်ခွင့်ပန်မည့် လူငယ်နှင့် ချစ်ခွင့်ပန်ခြင်းခံမည့် မိန်းမပျိုတို့သည် အတန်းထိပ်တွင်ထိုင်ကာ ယောကျာ်းလေးက စကား စတင်ပြောကြားသည်။ လူငယ်နှစ်ဦးသည် တစ်ရွာတည်းတွင် နေကြသူများဖြစ်ပါက တစ်ဦးနှင့် တစ်ဦး မိတ်ဆက်ရန် မလိုသော်လည်း ချစ်ခွင့်ပန်မည့် လူငယ်သည် တစ်ရွာသားဖြစ်နေပါက ယင်းကို ခေါ်လာသူက မိန်းမပျိုနှင့် ဦးစွာမိတ်ဆက်ပေးပြီးမှ ချစ်ခွင့်ပန်မည့် လူငယ်က မိမိအကြောင်းအပါအဝင် စကားချင်းရာများကို ပြောဆိုသည်။ နှစ်ဖက်သူငယ်ချင်းများကလည်း စကားဝိုင်းတွင် ဝင်ရောက်ပြောဆိုကြသည်။

မိန်းကလေးက ချစ်ခွင့်ပန်ရန်ရောက်လာသည့် အဖွဲ့ကို ညှိ့ဝတ်ပြုရာတွင် ချစ်ခွင့်ပန်သူအား နှစ်သက်ပါက လက်ဖက်သုပ်ဖြင့် ညှိ့ခံလေ့ရှိပြီး မနှစ်သက်ပါက ရေနွေးကြမ်းဖြင့် ညှိ့ခံလေ့ရှိသည်။ ညှိ့သည့်အဖွဲ့ကို လက်ဖက်ကျွေးခြင်းသည် အိပ်လိုစိတ်နည်းပါးကာ အချိန်ကြာကြာ စကားပြောနိုင်ရန်ဖြစ်ပြီး ရေနွေးကြမ်းသောက်လျှင် ဆီးအိမ်တင်းသဖြင့် ကြာကြာမထိုင်နိုင်ဘဲ မြန်မြန် ပြန်ရန်ဖြစ်ပေသည်။

ထိုသို့ ချစ်ခွင့်ပန်ရာတွင် မိန်းကလေးက ချက်ချင်း တုံ့ပြန် အဖြေပေးလေ့မရှိဘဲ နောက်ပိုင်းမှသာ အဖြေပေးလေ့ရှိသည်။ မိန်းကလေးက လက်ခံပြီးလျှင် နှစ်ဦးတိုင်ပင်လျက် မိဘများကို အသိပေးပြီး လက်ထပ်ရန် စီစဉ်ကြသည်။

**ကြက်ခေါင်းကိုက်ပွဲ**

ချစ်သူများဖြစ်သွားကြသည့် ကရင်တိုင်းရင်းသား လူငယ်နှင့် လုံမပျိုတို့လက်ထပ်ပေါင်းသင်းနိုင်ရန် လူငယ်ယောကျာ်းလေးဘက်မှ လူကြီးမိဘများက မိန်းကလေး၏ မိဘများနှင့် တွေ့ဆုံညှိနှိုင်းကြရသည်။ ယင်းတို့၏ ထုံးတမ်းအရ မင်္ဂလာပွဲ ကုန်ကျစရိတ်ကို ယောကျာ်းလေးဘက်က တာဝန်ယူရပြီး မိန်းကလေးဘက်သို့ပေးထားရသည်။ သို့သော် မိန်းကလေးမိဘများထံ မိန်းကလေးကို တောင်းရသည့်ကြေးငွေ ပေးရခြင်းမရှိဘဲ ယောကျာ်းလေးဘက်မှ ပေးသည့်ငွေကို မင်္ဂလာစရိတ်အဖြစ် အသုံးပြုကြသည်။

နှစ်ဖက်မိဘများ ညှိနှိုင်းသဘောတူ၍ မင်္ဂလာရက် ရွေးချယ်ပြီးနောက် မင်္ဂလာမဆောင်မီ နှစ်ရက်အလိုတွင် မိန်းကလေးအိမ်၌ ကြက်ခေါင်းကိုက်ပွဲ ပြုလုပ်ကြသည်။ ယင်းအခမ်းအနားကို ရှေးအခါက နတ်ဆရာက ဦးစီးကျင်းပလေ့ရှိခဲ့သည်။ ကြက်ခေါင်းကိုက်သည့်နေ့တွင် ပေါင်းထားသည့် ကြက်ဖို၊ ကြက်မတစ်ကောင်စီကို လင်ပန်းတွင်ထည့်ကာ နတ်ဆရာ ကဦးစီး၍ ယောကျာ်းလေးနှင့် မိန်းကလေးတို့ အိမ်ထောင်ရေး သာယာစိုပြည်စေရန် ဆုတောင်းပတ္ထနာပြုပြီး နတ်ဆရာနှင့် မိဘများက ကြက်ခေါင်းကို ကိုက်ကြရသည်။ ယခုအခါတွင် နတ်ဆရာအစား အခါတော်ပေး လူကြီးများက ဦးစီးပြုလုပ်ကြသည်။ သို့သော်ထူးခြားချက်မှာ ကြက်ခေါင်းကိုက်ပွဲသို့ သတို့သားနှင့် သတို့သမီးတို့ မလာရခြင်းဖြစ်ပေသည်။

**လက်ချည်မင်္ဂလာပွဲ**

မင်္ဂလာပွဲကျင်းပမည့်နေ့ရက်တွင် သတို့သား၊ သတို့သမီးနှင့် မိသားစုဝင်များသည် နံနက်စောစောထကာ လက်ဖွဲ့ကြိုး ချည်ကြရသည်။ သတို့သားနှင့် သတို့သမီးနှစ်ဦးလက်ချည်ပွဲကို သတို့သမီးအိမ်တွင် ပြုလုပ်ကြသည်။ ရှေးအခါက နတ်ဆရာတစ်ဦးက ပြုလုပ်ပေးခဲ့သော်လည်း ယခုအချိန်တွင်ရပ်ရွာတွင် ဂုဏ်သရေရှိသည့် အခါတော်ပေး ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်ကျင်းပကြသည်။

လက်ဖွဲ့ကြိုး မချည်မီ လင်ပန်းတစ်ခုတွင် ကြက်ဖိုကြက်မဟင်း၊ ထမင်းနှင့် ရေခွက်တို့ကို ထည့်ကာ သတို့သားနှင့် သတို့သမီးရှေ့တွင် ချထားပြီး အခါတော်ပေးသူက ဆုတောင်းစကားများပြောကြားပြီးနောက် လက်ချည်ကြိုးဖြစ်သည့် အပ်ချည်ကြိုးကို လက်နှစ်ဖက်တွင် ပတ်ပေးရသည်။ လက်ကို မပတ်မီ အပ်ချည်ကြိုးစကို ထိပ်နှစ်ဖက်မှ ကိုင်၍ လက်ဖျံပေါ်သို့ တင်၍ လက်ကောက်ဝတ်မှ တံတောင်ဆစ်သို့ အကြိမ်ကြိမ်ရွှေ့ပေးရင်း ဆုတောင်းစကားများကို ပြောဆိုကြသည်။ ထို့နောက် လက်ချည်ကြိုးကို လက်ကောက်ဝတ်တွင် ရစ်ပတ်ပေးပြီးနောက် သတို့သားနှင့် သတို့သမီးသည် လက်ဖဝါး နှစ်ဖက်တွင် ထမင်းနှင့်ဟင်းများ ထည့်ကာ စားကြရသည်။

ထို့နောက် အခါတော်ပေးသူက သတို့သားနှင့် သတို့သမီးတို့၏ ဦးခေါင်းကို ကိုင်တွယ်၍ ဆုတောင်း စကားများပြောကာ ထမင်းစေ့များကို ဦးခေါင်းပေါ်သို့ တင်ပေးလေ့ရှိသည်။ အခါတော်ပေးက လက်ချည်ပေးပြီးလျှင် နှစ်ဖက်မိဘများ၊ လူကြီးသူမများက ဆုတောင်းစကားများဆိုလျက် သတို့သားနှင့် သတို့သမီးကို လက်ချည်မင်္ဂလာပြုပေးရသည်။အားလုံးချည်ပြီးနောက် ချည်ကြိုးများကို စုစည်းလိုက်လျှင် လက်ချည်ကြိုး အကြီးတစ်ခုဖြစ်လာသည်။

လက်ချည်မင်္ဂလာပြီးလျှင် ကြွရောက်လာသည့် သံဃာတော်များကို အရုဏ်ဆွမ်းကပ်ကာ ကောင်းမှု ကုသိုလ်ပြုကြရသည်။ ထို့နောက် သတို့သားသည် မိမိအိမ်သို့ ပြန်ကာ ခန်းဝင်ပွဲအတွက်ပြင်ရပြန်သည်။ မင်္ဂလာပွဲသို့လာရောက်ကြမည့် ညှိ့ပရိသတ်များ မလာမီ သတို့သားသည် မိမိအဖော်များနှင့်အတူ သတို့သမီးအိမ်သို့ သွားခြင်းကို ခန်းဝင်ပွဲဟုခေါ်သည်။ ခန်းဝင်ပွဲသွားချိန်တွင် သတို့သမီးအိမ်ပေါ်သို့ မတက်မီနှင့် သတို့သမီးအခန်းသို့မဝင်မီ ဆွေမျိုး၊ မိတ်သင်္ဂဟ များက ရွှေကြိုးဖြင့် တားလေ့ရှိကြသည်။ ထို့နောက် သတို့သားကို ရေလောင်းကာ မင်္ဂလာဝတ်စုံကို ဝတ်ဆင်စေသည်။ သတို့သားကို ရေလောင်းခြင်းသည် စိတ်သစ် လူသစ်ဖြင့် အိမ်ထောင်သည်ဘဝသို့ ရောက်ရှိကြောင်း ခံယူစေရန်ဖြစ်ကာ ရှေးအခါက ရေချိုးပေးကြကြောင်း ဒေသခံတစ်ဦးက ရှင်းပြခဲ့သည်။

သတို့သားနှင့် သတို့သမီးတို့၏ လက်နှစ်ဖက်တွင် ချည်ပေးလိုက်သည့် လက်ချည်ကြိုးကို မင်္ဂလာပွဲပြီးသည့်တိုင် မဖြုတ်ဘဲ မင်္ဂလာပစ္စည်းတစ်ခုအဖြစ်ဝတ်ဆင်ထားကြသည်။ ခေတ်မီတိုးတက်လာသည့် မျက်မှောက်ခေတ်တွင် ပိုးကရင်တိုင်းရင်းသားများ၏ မင်္ဂလာပွဲ အခမ်းအနားကျင်းပပုံများသည် ပြောင်းလဲခဲ့ပြီဖြစ်သော်လည်း ရိုးရာအစဉ်အလာ ဓလေ့များကို ဆက်လက်ထိန်းသိမ်းထားခြင်းသည်ပင် တိုင်းရင်းသားယဉ်ကျေးမှု ထုံးတမ်းများကို စောင့်ရှောက်နေခြင်းဖြစ်ပေသည်။

**ဒြပ်မဲ့ယဉ်ကျေးမှု**

ကျောက်၊ ကြေး၊ သံ၊ ပျူခေတ်များကို ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံတွင် သမိုင်းတစ်လျှောက်ထွန်းကားခဲ့သည့် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များသည် ယနေ့တိုင်များစွာကျန်ရှိနေရာ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည် နှစ်ကာလများစွာ အဓွန့်ရှည်တည်တံ့နေမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံတွင် လူမျိုးအလိုက် အစဉ်အဆက် ကျင့်သုံးခဲ့သည့် ဒြပ်မဲ့ ယဉ်ကျေးမှုများသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အဆင့်မြင့်ခဲ့ခြင်းကို ဖော်ညွှန်းလျက်ရှိနေသည်။

ကိုင်တွယ်ထိတွေ့နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှု (Tangible Culture) များကို မပျောက် ပျက်၊ မပျက်စီးစေရန် ထိန်းသိမ်းနိုင်သော်လည်း ကိုင်တွယ် ထိတွေ့ခြင်းမပြုနိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှု(Intangible Culture) များကိုမူ ပြည်သူများက ဆက်ခံကျင့်သုံးမှသာ တည်မြဲမည်ဖြစ်သည်။ ထို့ကြောင့် အချို့သော ဒြပ်မဲ့ယဉ်ကျေးမှုများသည် လက်ဆင့်ကမ်းမှု နည်းပါးခဲ့ရာမှ တစ်စတစ်စ ကွယ်ပျောက်ခဲ့ကြရပေသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ကွယ်ပျောက်သွားသည့် အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ခြင်း မဟုတ်ဘဲ ကျင့်သုံးနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့စေရန်ထိန်းသိမ်းခြင်းသာဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား လူမျိုးများ၏ ရိုးရာ အစဉ်အလာ ထိမ်းမြားလက်ထပ်ပွဲများအပါအဝင် ဒြပ်မဲ့ယဉ်ကျေးမှုများသည် ရှင်သန်နေသည့်အမွေအနှစ်၊ မှတ်တမ်းတင်ထားရမည့်အမွေအနှစ်၊ လက်ဆင့်ကမ်းကြရမည့် အမွေအနှစ်များသာ ဖြစ်ကြပေသည်။ ။

**“သတို့သားနှင့် သတို့သမီးတို့၏ လက်နှစ်ဖက်တွင် ချည်ပေးလိုက်သည့် လက်ချည်ကြိုးကို မင်္ဂလာပွဲပြီးသည့်တိုင် မဖြုတ်ဘဲ မင်္ဂလာပစ္စည်းတစ်ခုအဖြစ် ဝတ်ဆင်ထားကြသည်။ ခေတ်မီတိုးတက်လာသည့် မျက်မှောက်ခေတ်တွင် ပိုးကရင်တိုင်းရင်းသားများ၏ မင်္ဂလာပွဲ အခမ်းအနားကျင်းပပုံများသည် ပြောင်းလဲခဲ့ပြီဖြစ်သော်လည်း ရိုးရာအစဉ်အလာ ဓလေ့များကို ဆက်လက်ထိန်းသိမ်းထားခြင်းသည်ပင် တိုင်းရင်းသားယဉ်ကျေးမှု ထုံးတမ်းများကို စောင့်ရှောက်နေခြင်းဖြစ်ပေသည်”**

## ကျိုက္ခမီရေလယ်ဘုရား၌ သင်္ကြန်ကာလ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

**သံဖြူဇရပ် ဧပြီ ၁၅**
မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၅ရက်တွင် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ရေလယ်ဆံတော်ရှင်ဘုရား၌ အနယ်နယ်အရပ်ရပ်မှလာရောက်၍ ကုသိုလ်ပြုကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူး စည်ကားနေကြောင်း သိရသည်။

အထူးသဖြင့် သင်္ကြန်ပွဲတော်ကာလ အလုပ်ပိတ်ရက်အတွင်း ရပ်ဝေးဒေသမှ လာရောက်ကြသည့် ဘုရားဖူးယာဉ်များ ပိုမိုများပြားခြင်းကြောင့် တည်းခိုနေထိုင်ရေး အဆင်ပြေမှုရှိစေရန် ကျိုက္ခမီရေလယ်ဘုရား ဘဏ္ဍာထိန်းဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ပေးထားကြောင်းလည်း သိရသည်။ သင်္ကြန်ပွဲတော်ကာလအတွင်း ကျိုက္ခမီမြို့သူမြို့သား အလှူရှင်များ၊ 21 Paradise Hotel နှင့် ရွှေသံလွင်ကုမ္ပဏီ မိသားစုတို့ကလည်း ဘုရားဖူးလာပြည်သူများအား အလှည့်ကျ စတုဒိသာများ ကျွေးမွေး၍ ဒါနပြုနေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သင်္ကြန်ရက်အတွင်း မြို့နယ်အသီးသီး၌ ရေကစားသူများဖြင့် စည်ကားနေ

**၁၃၈၀ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲကို တစ်နိုင်ငံလုံး ဆင်နွှဲလျက်ရှိရာ ဧပြီ ၁၅ ရက် အတာသင်္ကြန်အကြတ်နေ့တွင်လည်း မြို့နယ်အသီးသီး၌ နံနက်ပိုင်းမှစ၍ ပြည်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိသည်။**

**သာယာဝတီ**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင်လည်း ဇာတ်မဏ္ဍပ်နှင့် မြို့တွင်း၌ မဟာသင်္ကြန်အကြတ်နေ့က ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။ သာယာဝတီမြို့၏ မဟာသင်္ကြန် ဇာတ်မဏ္ဍပ်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ်ဖြစ်သည့်အတွက် သာယာဝတီမြို့နယ်သာမက ခရိုင်အတွင်းရှိ အခြားမြို့နယ်များမှ လာရောက်ရေကစားသူများဖြင့် အထူးစည်ကားနေသလို သာယာဝတီမြို့နယ်အတွင်းရှိ လမ်းများတွင်လည်း ရေကစားကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သာယာဝတီမြို့ ဇာတ်မဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှစတင်၍ နေ့စဉ် နိုင်ငံကျော် အဆိုတော်များဖြစ်သော ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် နေမျိုးအောင်၊ သတ္တိ၊ ဆုပန်ထွာ၊ ကေရီစုစံနှင့် မိုးထက်မြက် စသည့် အနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေပေးလျက်ရှိသလို စတုဒိသာကျွေးမွေးခြင်း၊ လောင်းလှေများတွင် ရေထည့်၍ ရေပက်ကစားခြင်း အစီအစဉ်များလည်း ပါဝင်၍ အတာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပနေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ရေကစားမဏ္ဍပ်များဖြင့် ရေပက်သူများ၊ ဆိုင်ကယ်များ၊ ကားများ၊ သုံးဘီးဆိုင်ကယ်များဖြင့် ရေပက်ခံသူများ၊ လမ်းလျှောက်လည်ပတ်သူများဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြသလို နှစ်သစ်ကူးသည့် အချိန်အခါသမယတွင် ကုသိုလ်ကောင်းမှုပြုသူများကလည်း တွံတေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားများ၊ တရားစခန်းများတွင် ဒုလ္လဘဝတ်ခြင်း၊ သီလဆောက်တည်ခြင်းနှင့် စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလျက်ရှိသည်။

**မျိုးလှိုင်(တွံတေး )**

**တာမွေ**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းမှစ၍ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာအလှူမဏ္ဍပ်များ၊ ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံအားကစားကွင်းတွင်လည်း အလန်းစားသင်္ကြန် ပွဲတော်ကို ဖျော်ဖြေရေးအစီအစဉ်များ၊ ရေကစားမဏ္ဍပ်များ၊ ဂိမ်းအစီအစဉ်များ၊ စတုဒိသာအလှူများ၊ လမ်းလျှောက်သင်္ကြန်နှင့် သနပ်ခါးပွဲတော် အစီအစဉ်နှင့် စျေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများ စည်ကားနေကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



ကျိုက္ကဆံကွင်းရှိ အလန်းစားသင်္ကြန်ပွဲတော်မှ သနပ်ခါးပွဲတော်အစီအစဉ်။

## သင်္ကြန်ရက်အတွင်း YBS ယာဉ်လိုင်းအများစု ကားခပိုကောက်ခံနေ

**ရန်ကုန် ဧပြီ ၁၅**
ယခုနှစ် သင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက်အထိ သင်္ကြန်သုံးရက်တာကာလအတွင်း YBS လိုင်းကားအများစုတွင် ကားခထည့်သည့်ငွေပုံးများကို အပေါက်များ ပိတ်ထားကာ ကားခများကို ပုံမှန် ကျပ် ၂၀၀ နှုန်းမှ ကျပ် ၅၀၀ နှင့် ကျပ် ၁၀၀၀ နှုန်းများအထိ ပို၍ကောက်ခံနေသည်ဟု ခရီးသွားပြည်သူအချို့ထံမှ သိရသည်။

တရားဝင်ပြေးဆွဲနေသော YBS လိုင်းကားအများစု အပါအဝင် ကြားကားအဖြစ်ပြေးဆွဲနေသော YBS တံဆိပ်ပါ မီနီဘတ်စ်ယာဉ်ငယ်များတွင် ငွေပုံးများပိတ်ထားပြီး ကားခများကို ပုံမှန်ထက်ပိုသော ကျပ် ၅၀၀ နှုန်းဖြင့် ကောက်ခံနေကြောင်း၊ ခရီးဝေးလိုင်းအချို့တွင် ကားခ ကျပ် ၁၀၀၀ နှုန်းအထိရှိကြောင်း ရွှေပြည်သာမြို့နယ်တွင်နေသည့် ပြည်သူတစ်ဦးက ဧပြီ ၁၃ ရက်တွင် ပြောသည်။



ယာဉ်စီးခကို ပုံမှန်အတိုင်းသာ ကောက်ခံနေသော YBS 89 ယာဉ်လိုင်းမှ ယာဉ်တစ်စီး။

ပုံမှန်ကားခ ကျပ် ၁၀၀ နှုန်းဖြင့် ပြေးဆွဲနေသော ရန်ကုန်မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းမှာမူ မဟာဗန္ဓုလ လမ်းကြောင်းသွား ယာဉ်လိုင်းတစ်လိုင်းသာ ကားခ ကျပ် ၁၀၀ နှုန်းဖြင့် သင်္ကြန်အကျနေ့အထိ ပြေးဆွဲခဲ့ပြီး ကျန်နှစ်လိုင်းမှာ အကြိုနေ့အထိသာ ပြေးဆွဲခဲ့ကြောင်း၊ အကြတ်နေ့တွင်မူ ယာဉ်လိုင်းသုံးလိုင်းလုံး ပြေးဆွဲမှုရပ်နားထားကြောင်း မြို့တွင်းနေပြည်သူတစ်ဦးက ပြောသည်။

သင်္ကြန်ရက်အတွင်း ငွေပုံးအတွင်းသာ ကားခထည့်၍ ပုံမှန်နှုန်းထားဖြင့်သာ စီးနင်းရသော စည်းကမ်းလိုက်နာသည့် ယာဉ်လိုင်းမှာ အနည်းငယ်သာရှိပြီး ကြည့်မြင်တိုင်မှ သာကေတသို့ပြေးဆွဲသည့် ၈၉ ယာဉ်လိုင်း၊ ဒဂုံတက္ကသိုလ်မှ ဆူးလေသို့ ပြေးဆွဲသည့် ၈၇ ယာဉ်လိုင်းနှင့် ဆူးလေ-ထောက်ကြန့်ခရီးစဉ် ပြေးဆွဲသည့် ၃၇ ယာဉ်လိုင်းတို့မှာ ယာဉ်စီးခမတိုးဘဲ ပုံမှန်နှုန်းထား အတိုင်း ငွေပုံးထဲပိုက်ဆံထည့်၍ စီးနင်းရကြောင်း ယင်း ခရီးစဉ်များတွင် လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်အချို့က ပြောသည်။

YBS အမှတ်အသားပါ လိုင်းကားအများစုတွင် ကားခထည့်ရသည့်ငွေပုံးများကို ဖုံးအုပ်ထားပြီး ကားခ ကျပ် ၅၀၀ နှုန်းမှ ကျပ် ၁၀၀၀ ခန့်အထိ ကောက်ခံနေခြင်းအပေါ် လူမှုကွန်ရက်ပေါ်တွင် မတူကွဲပြားသော အမြင်များဖြင့် ရေးသားဖော်ပြနေကြသည်ကိုလည်း မြင်တွေ့ရသည်။

ကားခကို ငွေပုံးအတွင်းထည့်စီးရသည့် YBS ယာဉ်လိုင်းများ၏ ပုံမှန်အလေ့အထသည် သင်္ကြန်ရက်များတွင် စီးပွားဖြစ်လုပ်ကိုင်မှုများကြောင့် ပျောက်ကွယ်နေပြီး ယခင် မထသပုံစံကို ပြန်တွေ့နေရကြောင်း၊ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် YBS ယာဉ်လိုင်းများကို စီးပွားရေးအသွင်ဖြင့် မဖြစ်မနေ အမြတ်ရအောင် လုပ်ဆောင်နေခြင်းများသည် အရေးယူမှု အားနည်းနေသည့်အတွက် ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း၊ အများပိုင်ယာဉ်လိုင်းစနစ် မပီပြင်သေးသော ကုမ္ပဏီ အချို့၏ အားနည်းချက်များကို သင်္ကြန်ရက်အတွင်း ပို၍ မြင်တွေ့လာရကြောင်း၊ YRTA အနေဖြင့် စည်းကမ်းမဲ့ ယာဉ်လိုင်းများအား ထိရောက်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် ပီပြင်သော အများပိုင်ယာဉ်လိုင်းကုမ္ပဏီများဖြစ်လာရန် အလေးထားလုပ်ဆောင်ခြင်းဖြင့် သင်္ကြန်ရက်အတွင်း ဝန်ဆောင်မှုထက် စီးပွားရေးအသွင် လုပ်ကိုင်နေကြခြင်းများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ခရီးသွားပြည်သူအချို့က လူမှုကွန်ရက်တွင် ရေးသားနေကြသည်ကို မြင်တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)အနေဖြင့် သင်္ကြန်မတိုင်မီကာလက ပုံမှန် YBS ယာဉ်အစီးရေ ၄၀၀၀ ခန့်အနက် သင်္ကြန် လေးရက်အတွင်း အစီးရေ ၃၀၀၀ ခန့် လျှော့ချ၍ အစီးရေ ၁၀၀၀ နီးပါးသာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြေညာထားသလို ယာဉ်စီးခများကို ပုံမှန်အတိုင်းသာ ကောက်မည်ဖြစ်ကြောင်း၊ ယာဉ်စီးခပိုကောက်ခြင်းနှင့် ယာဉ်မောင်းသူ ဆက်ဆံရေး မပြေပြစ်မှုများအတွက် ခရီးသည်များအနေဖြင့် YRTA သို့ တိုင်ကြားနိုင်ကြောင်း YRTA အတွင်းရေးမှူးက ပြောကြားထားသည်ကို ပြည်တွင်းမီဒီယာအချို့တွင် ဖော်ပြချက်အရ သိရသည်။ **ခင်ဆိုင်**

## ပင်လည်ဘူးမြို့ သဲသောင်ပြင် မူးမြစ်သင်္ကြန်၌ ရေကစားသူများ စည်ကားလျက်ရှိ



မူးမြစ်သဲသောင်ပြင်သင်္ကြန်၌ ရေကစားနေကြသူများ။

**ပင်လည်ဘူး ဧပြီ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ပထမဦးဆုံးအကြိမ် ကျင်းပသော ၂၀၁၉ ခုနှစ် မူးမြစ်-နမ္မားချောင်းဆုံ မူးမြစ်သဲသောင်ပြင်သင်္ကြန်၌ လာရောက် အပန်းဖြေ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပင်လည်ဘူးမြို့ မူးမြစ်-နမ္မားချောင်းဆုံ သဲသောင်ပြင်သင်္ကြန်ကို ယခုနှစ်တွင် ပထမဆုံး ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ သဲသောင်ပြင်သင်္ကြန်သို့ လာရောက်အပန်းဖြေ ရေကစားသူများအား မုန့်များ စတုဒိသာများ ကျွေးမွေးဧည့်ခံသလို လာရောက်သူများအနေဖြင့် မြစ်ရေထဲတွင်လည်း ရေကစားနိုင်ကြသဖြင့် အပန်းဖြေ ရေကစားကြသူများဖြင့် စည်ကားနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သင်္ကြန်အကြတ်နေ့တွင် မင်းဘူးမြို့၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစား

**မင်းဘူး ဧပြီ ၁၅**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ဇာတ်ရေကစားမဏ္ဍပ် အပါအဝင် မြို့ပေါ်မဏ္ဍပ်များ၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် အကြတ်နေ့က အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဌာနဆိုင်ရာများနှင့် သင်္ကြန်ချစ်သူများအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် မင်းဘူးမြို့ဇာတ်မဏ္ဍပ်၌ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့က ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသလို မြို့ပေါ်မဏ္ဍပ်တိုင်းတွင်လည်း ရေကစားသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဇာတ်မဏ္ဍပ်တွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးထားသည့်အပြင် ရေကစားကြသည့် ပြည်သူများ၏ လုံခြုံရေးအတွက်လည်း ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



မင်းဘူးမြို့ဇာတ်မဏ္ဍပ်ရှေ့၌ ရေကစားနေကြသော ပြည်သူများ။

# ဆေးရေးမမီ အလှပန်းချီ မိုင်းရှူးမြို့နယ်က ဟိုက်ပါရေတံခွန်

**မောင်ယဉ်ကျေး**

**ဟိုက်ပါရေတံခွန်သည် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းတည်ရှိပြီး သာယာလှပသော ရှမ်းပြည်နယ်၏ သဘာဝယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပေသည်။ ရေလှာ ၇ ဆင့်မှ ၉ ဆင့်အထိရှိပြီး စိမ့်စမ်းလျှိုမြောင်များ၊ သားငှက်တိရစ္ဆာန်များဖြင့် သာယာလှပသော ဆေးရေးမမီသည့် အလှပန်းချီပင်ဖြစ်ကြောင်း ဒေသခံများပြည်သူများက ဆိုကြသည်။**

ဟိုက်ပါရေတံခွန်သို့ ရန်ကုန်၊ မန္တလေးစသည့် ဒေသများမှ လာရောက်မည်ဆိုပါလျှင် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမှတစ်ဆင့် လွိုင်လင်-လဲချား-မိုင်းနောင်လမ်းများမှ လာရောက်နိုင်မည်ဖြစ်ကာ လွိုင်လင်မှ ဟိုက်ပါအရောက် ၄ နာရီခွဲခန့် မောင်းနှင်ရပါမည်။ လားရှိုး-မူဆယ်ဘက်မှလာမည်ဆိုပါက နမ့်လန်-ကျေးသီးလမ်းမှသော်လည်းကောင်း၊ မိုင်းရယ်-မိုင်းရှူးလမ်းမှသော်လည်းကောင်း လာရောက်နိုင်ပြီး တာချီလိတ်-ကျိုင်းတုံဘက်မှလာရောက်မည်ဆိုပါက ကွန်ဟိန်း-ဝမ်စိမ်း-မိုင်းနောင်လမ်းများမှ လာရောက်နိုင်မည်ဖြစ်ကာ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကြောင့် လမ်းခရီးတစ်လျှောက် သာယာလှပသော ကတ္တရာလမ်းများဖြစ်နေပါပြီ။

ဟိုက်ပါရေတံခွန်နှင့် ဟိုက်ပါကျေးရွာတို့မှာ ခွဲခြားမရသော သင်္ကေတတစ်ခုဖြစ်ပြီး ရွာနှင့်ရေတံခွန်အကြား တစ်မိုင်သာသာခန့် ကွာဝေးပါသည်။ ဟိုက်ပါရွာဦးတံတားသစ်အထိ ကတ္တရာလမ်းဖြစ်ကာ တံတားသစ်မှရေတံခွန်အထိ လယ်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ထားသည့် ယာယီလမ်းအတိုင်း သွားရပါသည်။ လယ်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ထားရသဖြင့် မိုးရွာလျှင် လမ်းအနည်းငယ်ပျက်စီးသည့်အတွက် ယာဉ်ငယ်များ အခက်အခဲရှိနိုင်ပါသည်။ ဒေသခံကလေးငယ်များက ပေါက်တူးကိုယ်စီဖြင့် လမ်းပန်းသာအောင် ဆောင်ရွက်ပေးနေကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကာ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ ဆိုစကားအတိုင်း လမ်းပြင်ကလေးငယ်လေးများကို မုန့်ဖိုးပေးနေကြသည့် ဧည့်သည်များကိုလည်း တွေ့ရှိရပါသည်။

ဟိုက်ပါရေတံခွန်အား ပုံမှန်အားဖြင့် ၁၂ ရာသီလုံး လာရောက်လည်ပတ်ကြသူများရှိနေကြသော်လည်း မိုးတွင်းကာလ လယ်ယာစိုက်ပျိုးချိန်တွင် လယ်ကွင်းများအကြား မိုးထဲရေထဲ ခြေကျင်ခရီးသာ သွားရောက်ကြရသည်မို့ လာရောက်သူအရေအတွက် နည်းပါးပါသည်။ အများအားဖြင့် စိုက်ပျိုးရာသီအပြီး တန်ဆောင်မုန်းလတွင် ရေတံခွန်အပန်းဖြေခရီးစတင်ဖွင့်လှစ်ကာ ကဆုန်လကုန်တွင် ပြီးဆုံးလေ့ရှိကြောင်း ဒေသခံများထံမှ သိရှိရပါသည်။ တောတောင်လျှိုမြောင်များအကြားမှ ဆင့်ကဲဆင့်ကဲ ဖြတ်သန်းစီးဆင်းကာ နမ့်ပန်ချောင်းအဖြစ် ကွန်ဟိန်းဒေသဘက်ဆီသို့ စီးဆင်းသွားမည့်ရေအလျဉ်တို့အား မွေးဖွားပေးသည့် ဟိုက်ပါရေတံခွန်



သာယာလှပသော ဟိုက်ပါရေတံခွန်အလှကို တွေ့ရစဉ်။

ကား ကြီးမားကျယ်ပြန့်လှသော ရေယာဉ်ကြီးကို ဝင့်ထည်စွာ ပိုင်ဆိုင်ထားပြီး လွှိုင်ခွတ်တောင်၊ လွှိုင်ဖါ့လျှဲန်၊ လွှိုင်မွန့်မွန်းအမည်ရှိ တောင်တန်းကြီး သုံးခုကလည်း သွေးသောက်ညီနောင်များသဖွယ် ထွေးပွေ့ ဝန်းရံလျက်ရှိနေပေသည်။

ဟိုက်ပါရေတံခွန်အပန်းဖြေစခန်းသို့ နေ့စဉ်လာရောက်လည်ပတ်သူများမှာ ထောင်ဂဏန်းကျော်ရှိပြီး ရုံးပိတ်ရက်များ၊ သင်္ကြန်ပွဲတော်ရက်များတွင် သောင်းဂဏန်းကျော်ထိ ရှိကြောင်းလည်း သိရပါသည်။ အေးအေးဆေးဆေး အိပ်စက်အပန်းဖြေလိုသူများအတွက်လည်း ယာယီဧည့်ရိပ်သာများရှိကာ စားသောက်ဆိုင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များလည်း အများအပြားရှိပေသည်။ ဟိုက်ပါဒေသထွက် အစားအစာများအဖြစ် ဝက်သားချဉ်၊ အမဲချဉ်များအား မြိန်ယှက်စွာ သုံးဆောင်နိုင်သလို ဟိုက်ပါရေအလျဉ်စီးဆင်းနေသည့် နမ့်ပန်ချောင်းမှပေါက်ဖွားလာသည့် ချောင်းငါးကြော်လေးများကလည်း ခရီးသွားများ အကြိုက်တွေ့စေသည့် အစားအစာတစ်ခုဖြစ်သည်။

တိုင်းနွဲ့တိုင်းရင်းသားများ၊ ပလောင်တိုင်းရင်းသားများ ချစ်ကြည်စွာ ယှဉ်တွဲနေထိုင်ရာ ဟိုက်ပါရေတံခွန်ဒေသသို့ နေ့စဉ်လာရောက်ကြသည့် အပန်းဖြေမော်တော်ယာဉ်စီးရေ နှစ်ရာကျော်မှ တစ်ထောင်ကျော်အထိရှိကာ ဒေသဖွံ့ဖြိုးရေးနှင့် ရေတံခွန်လမ်းပြုပြင်တည်ဆောက်ရေးတို့အတွက် ယာဉ်တစ်စီးလျှင် ကျပ်သုံးထောင် အလှူငွေကောက်ခံပါသည်။ မော်တော်ဆိုင်ကယ်များကို ကောက်ခံခြင်းမပြုပါ။

တောတောင်စိမ့်စိမ်းတို့ဖြင့် အေးမြသာယာလှသော ဟိုက်ပါရေတံခွန်တွင် ရေကစားကြသူများ၊ တောတောင်ရှုခင်းအလှကို လှည့်ပတ်လေ့လာသူများ၊ ဒေသထွက်အစားအစာများကို မြိန်ယှက်စွာ သုံးဆောင်အနားယူနေကြသူများဖြင့် စည်ကားလှသည်။ နမ့်ပန်ချောင်းအတွင်း သဘာဝအလှများအား စက်လှေစီးကာ လှည့်ပတ်ကြည့်ရှုလိုသူများ အတွက်လည်း စက်လှေများ စီစဉ်ပေးထားကာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြသည်။ စက်လှေစီးနင်းလိုသူများအတွက် လူတစ်ဦး ကျပ်နှစ်ထောင်၊ စင်းလုံးငှား ငွေကျပ်လေးသောင်းဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေ စေသော အပန်းဖြေလေ့လာရေးခရီးစဉ်တစ်ခုဖြစ်ရာ သာယာလှပသော တောတောင်စိမ့်စမ်းများဝယ် အပန်းဖြေအနားယူရင်း ရှမ်းရိုးရာအစားအစာ ဝက်သားချဉ်၊ အမဲချဉ်၊ နမ့်ပန်ချောင်း ငါးကြော်၊ ငါးကင်များကို မြိန်ယှက်စွာ သုံးဆောင်နိုင်စေရန် မိုင်းရှူးရတနာမြေမှ နာမည်ကျော် ဟိုက်ပါရေတံခွန်သို့ တစ်ခါတစ်ခေါက် လာရောက်အပန်းဖြေကြပါရန် ဖိတ်ခေါ်လိုက်ပါသည်။ ။



ရေတံခွန်နှင့် ရေပြင်ရေယာအလှကို စီးနင်းလှည့်လည်ကြည့်ရှုနိုင်သော စက်လှေများ။



ဟိုက်ပါရေတံခွန် အနီးရှိ ဈေးဆိုင်တန်းများ။

**“တောတောင်လျှိုမြောင်များအကြားမှ ဆင့်ကဲဆင့်ကဲ ဖြတ်သန်းစီးဆင်းကာ နမ့်ပန်ချောင်းအဖြစ် ကွန်ဟိန်းဒေသဘက်ဆီသို့ စီးဆင်းသွားမည့် ရေအလျဉ်တို့အား မွေးဖွားပေးသည့် ဟိုက်ပါရေတံခွန်ကား ကြီးမားကျယ်ပြန့်လှသော ရေယာဉ်ကြီးကို ဝင့်ထည်စွာ ပိုင်ဆိုင်ထားပြီး လွှိုင်ခွတ်တောင်၊ လွှိုင်ဖါ့လျှဲန်၊ လွှိုင်မွန့်မွန်းအမည်ရှိ တောင်တန်းကြီး သုံးခုကလည်း သွေးသောက်ညီနောင်များသဖွယ် ထွေးပွေ့ဝန်းရံလျက်ရှိနေပေသည်”**

## အုတ်ဖိုမြို့၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စတုဒိသာကျွေးပွဲ ကျင်းပမည်

**အုတ်ဖို ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဧပြီ ၁၇ ရက်တွင်ကျရောက်မည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဓမ္မဝိဇယ သာရေးနာရေး ကူညီမှု အသင်းကြီးမှ ကြီးမှူးကျင်းပသော အဌမအကြိမ်မြောက် စတုဒိသာကျွေးပွဲကို ကျင်းပမည်ဖြစ်သည်။

